မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၂၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိအကျဉ်း



အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီး။

နေပြည်တော် ဖေဖော်ဝါရီ ၅

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီအား ၁၉၃၇ ခုနှစ်တွင် ကော်လ်ကတ္တားမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် အလီဂတ်မူဆလင်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံမဟာဘွဲ့ရရှိပြီးနောက် ၁၉၆၁ ခုနှစ်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး အာရပ်စော်ဘွားများနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ အီရန်နိုင်ငံ၊ ဆော်ဒီအာရေးဗျနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့၌ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖြစ်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်ခဲ့သည်။

ရှရီ အမ် ဟာမစ် အန်ဆာရီသည် အနောက်အာရှဒေသနှင့်စပ်လျဉ်းသည့် နိုင်ငံခြားရေးရာ မူဝါဒစာအုပ်စာစောင်နှင့် ဆောင်းပါးများ အများအပြား ရေးသားထုတ်ဝေခဲ့သည့်အပြင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိ အလီဂတ်မူဆလင်တက္ကသိုလ်တွင် ဒုတိယအကြီးအကဲအဖြစ်လည်းကောင်း၊ ဂျဝါဟာလာနေရူးတက္ကသိုလ်၊ နယူးဒေလီမြို့ ဂျားမီးယားမီလီယာ အစ္စလာမီယာ ဖွံ့ဖြိုးဆဲနိုင်ငံများ လေ့လာရေးသိပ္ပံတွင် ဧည့်ပါမောက္ခအဖြစ်လည်းကောင်း တာဝန်ယူခဲ့သည်။

ထို့အပြင် အမျိုးသားလုံခြုံရေး အကြံပေး ဘုတ်အဖွဲ့တွင် အဖွဲ့ဝင်၊ ရေနံသံတမန်ရေးရာ အကြံပေးကော်မတီဥက္ကဋ္ဌ၊ အိန္ဒိယ-ဗြိတိန် စားပွဲဝိုင်းဆွေးနွေးပွဲ ပူးတွဲသဘာပတိ၊ ဂျမူး-ကက်ရှ်မီးယားဒေသဆိုင်ရာ ဒုတိယအကြိမ် စားပွဲဝိုင်းဆွေးနွေးပွဲမှ ဖွဲ့စည်းပေးသော နိုင်ငံတွင်းရှိ လူမှုအဖွဲ့အစည်းများအကြား ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

၂၀၀၆ ခုနှစ် မတ်လမှ ၂၀၀၇ ခုနှစ် ဇူလိုင်လအထိ ပဉ္စမအကြိမ်မြောက် တိုင်းရင်းသားလူမျိုးစုဆိုင်ရာ ဥပဒေပြုအမျိုးသားကော်မရှင် ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဩဂုတ် ၁၀ရက်မှစတင်၍ အိန္ဒိယသမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီးတို့တွင် သားနှစ်ဦးနှင့် သမီးတစ်ဦးထွန်းကားသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးလုပ်ကိုင် မျိုးကောင်းမျိုးသန့်များဖြင့် ဖြစ်ထွန်းအောင်စိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဖုံးကျေးရွာရှိ ဟားခါး-ဂန့်ဂေါ လမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၁၂)မှ တာဝန်ရှိသူများက ဟားခါး-ဂန့်ဂေါ လမ်းဖောက်လုပ်မှုအခြေအနေများ၊ လမ်းပိုင်းအလိုက် ကတ္တရာခင်းခြင်း၊ လမ်းတာချဲ့ခြင်း၊ ကတ္တရာခင်းရန် ကျောက်ထုခင်းခြင်း စသည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ပြေးဆွဲလျက်ရှိသော ချင်းရွှေဟော် သင်္ဘောကြီးကို ဤသို့ တွေ့ရသည်။

ကမ်းရိုးတန်းဒေသများ၏ တံခါးပေါက်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - သန်းဆွေဝင်း (ကြယ်ငါးပွင့်)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၄

ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာဖြင့် ဖုံးလွှမ်းလျက်ရှိပြီး ပင်လယ်ရေကြောင်းဖြင့် ကုန်ပစ္စည်းအမြောက်အမြားကို ဈေးနှုန်းချိုသာစွာဖြင့် ပို့ဆောင်ရေးကဏ္ဍသည် ကမ္ဘာ့ကုန်သွယ်မှုတွင် အထူးအရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

အားကိုးအားထား

မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ကမ်းရိုးတန်းအရှည် စုစုပေါင်း ၂၈၃၂ ကီလိုမီတာရှည်လျားသော ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းနှစ်ခုရှိပေရာ ကမ်းရိုးတန်းမြို့များဖြစ်သော ရခိုင်ကမ်းရိုးတန်းတွင် ကိုကိုးကျွန်း၊ သံတွဲမြို့၊ ကျောက်ဖြူမြို့၊ စစ်တွေမြို့၊ တနင်္သာရီကမ်းရိုးတန်းတွင် မော်လမြိုင်မြို့၊ ထားဝယ်မြို့၊ မြိတ်မြို့နှင့် ကော့သောင်းမြို့တို့ဖြစ်ပြီး ယခင်ကရေလမ်းခရီးကိုသာ အားကိုးအားထားပြုခဲ့ကြရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ် တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်)

ပြည်ထောင်စုတစ်ဝန်း ရထားလမ်းများ ကွန်ရက်သဖွယ်ဖောက်လုပ်ပေး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်

နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် တံတားများတည်ဆောက်ခြင်း၊ ကားလမ်းများ ဖောက်လုပ်ခြင်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

လမ်းပန်းဆက်သွယ်ရေးတွင် ရထားပို့ဆောင်ရေးအခန်းကဏ္ဍ တစ်ခုအပါအဝင်ဖြစ်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ၁၉၈၈ခုနောက်ပိုင်း ရထားလမ်းခရီးမိုင် ၁၂၁၀ဒသမ ၅၁မိုင်၊ ပေ ၁၈၀ အထက် တံတားကြီး ၄၉စင်း၊ ရထားလမ်းတံတား ၄၅၅၂စင်း၊ ယာဒ်စခန်းအပါအဝင် ဘူတာ ၃၂၅ခုတို့ကို တည်ဆောက်ဖောက်လုပ်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် မြန်မာ့မီးရထားကို အမျိုးသားမီးရထားကွန်ရက်ဖြစ်စေရန် လမ်းညွှန်မှာကြားထားရာ ပြည်နယ်နှင့်တိုင်းအားလုံးကို ရထားလမ်းဖောက်လုပ်ရန် အထူးစီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်လျက် ရှိသည်။

ရခိုင်ပြည်နယ်နှင့် ဧရာဝတီအနောက်ဘက်ခြမ်းအထိ ဆက်သွယ်သွားလာနိုင်ရန် စစ်တွေ-ပုဏ္ဏားကျွန်း၊ ကျောက်တော်-မြောက်ဦး-မင်းပြားမြို့များမှစ၍ အမ်းမြို့အထိဖောက်လုပ်ရန် ဖြစ်သည်။ အမ်းမှတစ်ဆင့် ဧရာဝတီအနောက်ဘက်ခြမ်းရှိ ရထားလမ်းနှင့် ဆက်သွယ်ဖောက်လုပ်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းအထိ ဆက်သွယ်သွားလာနိုင်ရန် ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် တနင်္သာရီတိုင်း ထားဝယ်မြို့မှ မြိတ်သို့ဖောက်လုပ်ခြင်းဖြစ်ရာ အဆိုပါ ရထားလမ်းဖောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံမြောက်ဖျား မြစ်ကြီးနားမြို့မှ တောင်ဘက် မြိတ်မြို့အထိ တစ်ဆက်တစ်စပ်တည်း ရထားတောက်လျှောက် ပြေးဆွဲနိုင်တော့မည် ဖြစ်သည်။

ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် အလယ်ရိုးမ အရှေ့ဘက်ခြမ်းနှင့်အနောက်ဘက်ခြမ်းကို အလွယ်တကူ ကူးလူးဆက်သွယ်နိုင်မည် ဖြစ်သည်။ ဖောက်လုပ်ပြီးစီးပြီဖြစ်သည့် ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းသည် နေပြည်တော်မှရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့အထိ တောက်လျှောက်သွားလာနိုင်ပြီး တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲအထိ ခရီးဆက်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးသည်လည်း တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးမည်ဖြစ်ရာ ပြည်ထောင်စုဒေသအသီးသီးရှိ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုကိုပါ ခိုင်ကျည်မြဲမြံစေမည်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၆-၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ရတနသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (အမွေ)
၈း၄၅	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၃၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း (စာရင်းစစ်) နေ့လယ်ခင်းတေးပဒေသာ သိမှတ်စရာ မြန်မာစကား မြန်မာစာ(ပင်းယခေတ် မြန်မာစကားပြေအရေးအဖွဲ့)
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	နေ့လယ်ခင်းသတင်း
၁၃း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး (လူတော်လူကောင်း)
၁၆း၃၀	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (မြန်မာစာ)
၁၇း၀၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၂၅	တေးပဒေသာ
၁၇း၃၀	သတင်းစာဆောင်းပါး
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၄၅	နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ကိုယ်ပိုင်အလင်းဖြင့် ထွန်းလင်းကြသူများ) တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ကြည်လဲ့လဲ့ဦး) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (ညီညွတ်စေသောတရား) လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာတေးသံစဉ်
၂၂း၀၀	အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၅-၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၄၀	၆။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ပထဝီဝင်)
၅း၁၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၉)
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၀)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၃)

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းအူကြောင်း မြေနေရာများ တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၄

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းက မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းအူကြောင်းရှာဖွေရန် မြောက်ဦးမြို့သို့ ရောက်ရှိကြပြီး မြောက်ဦးဘူတာ တည်ဆောက်မည့်နေရာနှင့် ကိုးသောင်းဘုရားအနီးရှိ ကားလမ်းဖြတ်ကူးမည့် ရထားလမ်းနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်မည့်နေရာ

ထိုမှတစ်ဆင့် ထမ္မရာဇ်ကျေးရွာအနီးရှိ မြို့မရပ်စခန်း ဘူတာတည်ဆောက်မည့် မြေနေရာ၊ တိန်ညိုဘူတာ တည်ဆောက်မည့် နေရာ၊ မဟာမုနိဘုရားအနီးရှိ ကားလမ်းကူး ရထားလမ်းဖောက်လုပ်မည့်နေရာနှင့် မဟာမုနိဘူတာ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ထို့နောက် ကျောက်တော်မြို့ ကစ္စပနဒီရိပ်သာ၌ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းအူကြောင်း လျာထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်တင်ပြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားသည်။

ရထားကူးတံတား

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကျောက်တော်မြို့နှင့် ပုဏ္ဏားကျွန်းမြို့အကြားရှိ ပီတောက်မြစ်ကူး တံတား၌ ရထားကူးတံတားတည်ဆောက်မည့်နေရာ၊ ကံဇောက်တောင်အားဖြတ်၍ ဖောက်လုပ်မည့် ရထားလမ်းအူကြောင်း နေရာတို့ကို ကြည့်ရှုစစ်ဆေးကြပြီး အပေါက်ဝ ဘူတာ တည်ဆောက်မည့်နေရာ၊ ယိုးချောင်း တံတားရှိ ရထားကူးတံတား တည်ဆောက်မည့်နေရာ၊ ယိုးတရုတ်ရွာအနီး ဘူတာ ဆောက်လုပ်မည့်နေရာနှင့် ပုဏ္ဏားကျွန်းမြို့ အနီး ဘူတာတည်ဆောက်မည့် နေရာတို့ကို လည်း ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကွမ်းတောင်စံပြ ကျေးရွာအနီးရှိ ရှင်းလင်းဆောင်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက် လုပ်မည့်အခြေအနေကို ရှင်းလင်းပြောကြား ကြပြီး တင်ပြချက်များအပေါ် လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းသည် အရှည် ၂၅၇မိုင်ရှိကာ ဖောက်လုပ်ပြီးစီးသွားပါက ရခိုင်ပြည်နယ်မှ မကွေးတိုင်းသို့ လည်းကောင်း၊ ယင်းမှ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်း တိုင်း တို့သို့လည်းကောင်း သွားလာနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပြီးသည့် ဆီဆုံကုန်းကျေးရွာရေတွင်း(တွင်းတိမ်) ကို ဇန်နဝါရီ ၁၅ရက်က မြို့နယ် အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာဦးထွန်းသန့်တို့ ကွင်း ဆင်းစစ်ဆေးစဉ်။ (၁၁၆)

အောင်ချက်မြင့်မားရေး ကျောက်တံခါး၌ ဟောပြော

ကျောက်တံခါး ဖေဖော်ဝါရီ ၄

၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မြို့နယ်အောင်ချက် မြင့်မားရေးဟောပြောပွဲကို မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီနှင့် ကျောင်းအကျိုးတော်ဆောင်များကကြီးမှူး၍ ဖေဖော်ဝါရီ ၂ရက် နံနက် ၈နာရီက ကျောက်တံခါးမြို့နယ် စည်ပင်သာယာ ခန်းမ၌ကျင်းပရာ တက္ကသိုလ်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများနှင့်ကထိကများက ဟောပြောပို့ချပြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၁၀၅၀ခန့် တက်ရောက်လေ့လာကြ ကြောင်း သိရသည်။ (၁၆၇)

စက်မှုသင်တန်းကျောင်း စီမံကိန်း (သာဂရ) သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၄

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက သာဂရစက်မှုနယ်မြေ၌ ကိုရီးယားသမ္မတနိုင်ငံ Korea International Cooperation Agency အကူအညီဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော စက်မှုသင်တန်းကျောင်းစီမံကိန်း (သာဂရ) သို့ရောက်ရှိပြီး ပင်မဆောင်၊ သင်ကြားရေးဆောင်များ၊ လက်တွေ့သင်ကြားရေးဆောင်များနှင့် စုပေါင်းခန်းမတို့ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ စာသင်ခန်းများ၊ Work Shop များနှင့် ရုံးခန်းများ ဖွဲ့စည်းမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလေးထားဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် သင်တန်းကျောင်း၌ တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများနှင့် လက်တွေ့ခန်းသုံးပစ္စည်းများ ရောက်ရှိမှုနှင့် တပ်ဆင်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ သင်တန်းကျောင်း လွှဲပြောင်းလက်ခံရန် နီးကပ်လာပြီဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ သင်တန်းသားများအတွက် သင့်လျော်သော ပတ်ဝန်းကျင်ဖြစ်စေရေးအတွက် အရိပ်ရပင်များစိုက်ပျိုးရန်နှင့် အားကစားကွင်းများ ထားရှိရန်တို့ကိုမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဟားခါးမြို့နယ် ဦးကျော်လွင်၏ ၁၂မိုင် နွားနောက်မွေးမြူရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ဘုံဇုံးကျေးရွာ၊ လေအွမ်ကျေးရွာနှင့် လုံးကျွဲကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသားများအတွက် အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

ထို့နောက် ဟားခါး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် ၄၉ မိုင် ၁ဖာလုံတွင် လမ်းပိုင်းအလိုက်ကတ္တရားခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ မိုင်တိုင်အမှတ် ၂၀ ၄ဖာလုံတွင် ကတ္တရာ ခင်းနေမှုများ မိုင်တိုင်အမှတ် ၂၀တွင် ကားလမ်းတိုးချဲ့ ဖောက်လုပ်နေမှုများနှင့် ဟားခါး-ဂန့်ဂေါ လမ်းတစ်လျှောက် ကတ္တရာခင်းရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)မှ ဒုတိယအင်ဂျင် နီယာမှူးကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် မွန်းလွဲပိုင်းတွင် ဦးကျော်လွင်၏ ၁၂မိုင် နွားနောက်မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဟားခါးမြို့သို့ ရောက်ရှိပြီး မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံရာ ဟားခါးမြို့နယ် ဥက္ကဋ္ဌက မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက ပြည်နယ်၏ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုးချဲ့မွေးမြူ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အထူးဖွံ့ဖြိုးရေးဇုန် (၂၄)ဇုန် ချမှတ်ပြီး နယ်စွန်နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး မူကြီး(၅)ရပ်ချမှတ်ကာ အကြားအလပ်မကျန်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ချင်းပြည်နယ်အတွင်း လမ်းမကြီးလေးသွယ်ကို ရာသီမရွေးသွားလာနိုင်ရန် ပြုပြင်ဖောက်လုပ်ထားပြီးဖြစ်၍ သွားလာမှုလွယ်ကူနေပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း၊ ချင်းမျိုးနွယ်စုများအဖြစ် တိုင်းရင်းသားများလည်း လာရောက်ပေါင်းဆုံနေထိုင်လျက်ရှိကြသဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကို မွေးမြူကာ ပြည်ထောင်စုစိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း၊ ကျောင်းသူကျောင်းသားများအား ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းအပြင် နိုင်ငံတော်တရားဥပဒေကိုပါ လိုက်နာတတ်သူများဖြစ်အောင် ဆရာ၊ ဆရာမများက သွန်သင်ဆုံးမပေးသွားရမည် ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်သည့် လူကောင်းများဖြစ်အောင် သွန်သင်ရန်လိုအပ်ကြောင်း၊ ထို့အပြင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားအောင် သင်ကြားပေးရန် လိုအပ်ကြောင်း၊ သို့မှသာ ဘွဲ့ရပညာတတ်များ ပေါများကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုလာမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် နယ်မြေဒေသ အသီးသီးကွင်းဆင်း၍ ကုသပေးခြင်း၊ ကြိုတင်ကာကွယ်စောင့်ရှောက်ပေးခြင်း၊လူထုအကြား ကျန်းမာရေးဗဟုသုတ၊ ပညာများ ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများသည် တာဝန်ကျေပွန်ရန်နှင့် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ပေးရမည့် သူများဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟု လမ်းညွှန်မှုပြုထားသည့်အတိုင်း ချင်းပြည်နယ်အနေဖြင့် ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ စီးပွားရေးတွက်ခြေကိုက်သည့် လက်ဖက်ကို ယခုထက်ပိုမိုအောင်မြင် တိုးတက်အောင် အားပြုစိုက်ပျိုးသွားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် နွားနောက်ကိုလည်း စီးပွားဖြစ် မွေးမြူသွားကြရန် လိုအပ်ကြောင်း၊ ပြည်နယ်ရည်မှန်းချက်ဖြစ်သည့် ငါးနှစ်အတွင်း နွားနောက်ကောင်ရေ တစ်သိန်းပြည့်မီအောင် တိုးချဲ့မွေးမြူသွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရက တာဝန်ယူပြီးနောက် နေရာဒေသအနှံ့ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို မြင်တွေ့နိုင်သလို ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများလည်း အများအပြားရှိကြောင်း၊ မှာကြားပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် အဝတ်အထည်နှင့် ဆေးဝါးများကို ပေးအပ်သည်။ တွေ့ဆုံပွဲအပြီးတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျောဘုတ်ခြံ (ဟားခါး)အူလုံ လက်ဖက်စိုက်ခင်းသို့ သွားရောက်၍ အူလုံလက်ဖက်စိုက်ပျိုးထားမှုများ၊ လက်ဖက်ပျိုးခင်းများနှင့် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာက ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က လက်ဖက်မျိုးကောင်း မျိုးသန့်များကို အသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် အောက်ချင်းမောင်နှံလက်ဖက်ခြောက် စက်ရုံသို့သွားရောက်ပြီး ရောင်းတန်းဝင် လက်ဖက်ခြောက် ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဦးရမ်မကျုံး၏ ဘွီလုံတလန်(ဟားခါး) ၁၅မိုင် နွားနောက်မွေးမြူရေးစခန်းသို့ ရောက်ရှိစစ်ဆေးရာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ချင်းပြည်နယ်၏ နွားနောက်မွေးမြူရေး အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က ပြည်နယ်၏ ရည်မှန်းချက်ပြည့်မီအောင် အထူးဂရုပြု မွေးမြူကြရန် မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့သို့ ရောက်ရှိကြသည်။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးတင်စိုး	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဦးမင်းလွင်	ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဒေါက်တာချို၀င်းမော် အထွေထွေမန်နေဂျာ မြန်မာ့စားသောက်ကုန်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စားသောက်ကုန်လုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ခ) ဦးကြီးစိုး ဒုတိယညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန
(ဂ) ဦးခင်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဇီးကုန်းမြို့နယ် ပန်းတင်လေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

နတ်တလင်းနှင့်ဇီးကုန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့နယ် ကံသာလေးကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ ကျင်းပသော ဇီးတောကျေးရွာနှင့် ပေါင်းတည်မြို့နယ် မကျီးပင်ကျေးရွာအုပ်စု၊ ကုက္ကိုကုန်းကျေးရွာတို့ကို ဆက်သွယ်သည့် ဖိုးသာအောင်ချောင်းကူး ရွှေပြည့်ငွေလျှံတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဇီးတောကျေးရွာနှင့်ကုက္ကိုကုန်းကျေးရွာတို့မှ ဒေသခံပြည်သူများအားတွေ့ဆုံကာ တံတားပြုပြင်ထိန်းသိမ်းရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

မြေနီလမ်းသစ်ဖွင့်

ထို့နောက် နတ်တလင်းမြို့နယ် ဝါးနက်ရုံကျေးရွာနှင့် ထောက်ကြန့်ကွင်းကျေးရွာသို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေနီလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ဝါးနက်ရုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လမ်းဆက်လက်ပြုပြင်ထိန်းသိမ်းရန် မတည်အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဇီးကုန်းမြို့နယ် နွားတဲကုန်းကျေးရွာအုပ်စု၊ ပန်းတင်လေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျောင်းအတွက်အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၅-၂-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဒိဋ္ဌိသစ်၄တ်အမြစ်ပြုတ်** တရားတော် (ကညင်ကုန်းဆရာတော် အရှင်ဉာဏောဘာသ)
၈:၀၅-၂:၀၅	မြတ်ဗုဒ္ဓ-မဇ္ဈိမ၏ အနှိုင်းမဲ့ ရတနာဓာတ်ပုံပြပွဲ
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅-၂:၂၅	အနုပညာမိုးကောင်းကင်
၈:၅၀-၂:၅၀	သဘာဝအလှများ စုဝေးရာ ပူတာအိုမြို့
၈:၅၅-၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀-၃:၀၀	စွမ်းရည်မြင့်မား Nibban လျှပ်စစ်ထုတ်ကုန်များ (အပိုင်း-၁)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	Yangon Panorama (အထက-၂၊ ရန်ကင်း၊ ကျောက်ကုန်း စိန်မိုက်ကယ်) ကျောင်းသား ကျောင်းသူ ဟောင်းများ အာစရိယပူဇော်ပွဲ
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	ဒီဂျစ်တယ်ကတ္တားအစ စီထွာက
၁၀:၀၅-၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅-၄:၁၅	ဖြောင့်စင်းလှပ ဆံကေသာအလှ
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁:၄၅-၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀-၅:၅၀	တိုင်းရင်းသားအက
၁၂:၀၀-၆:၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အချစ်မူးတော့ရူးမိတယ်**
၁၂:၃၅-၆:၃၅	Fashion Guide (၂၀၀၇ ခုနှစ် အကယ်ဒမီအကြိုဖက်ရှင်)
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၁၉၈၁ခုနှစ် ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည့်နေရာ ပြောင်းရွှေ့

ရန်ကုန် ဖေဖော်ဝါရီ ၄

၁၉၈၁ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၇ရက်(စနေနေ့) နံနက်၉နာရီတွင် မူလက တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရန် စီစဉ်ထားရာမှ အမှတ် ၁၆၄-၁၆၈ ဝါးတန်းလမ်း (အထက်) ရှိ Doreen Burger & Snacks ဆိုင်သို့ ပြောင်းရွှေ့ ကျင်းပမည်ဖြစ်ကြောင်း ထပ်မံသိရသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွက်
၈-၂-၂၀၀၉ ရက်နေ့
နှင့်
၂၂-၂-၂၀၀၉ ရက်နေ့

ဗြိတိန်နိုင်ငံသမိုင်းတွင် စံချိန်တင်လုနီးပါးစီးပွားရေးကျဆင်း ကုမ္ပဏီအချို့ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိခဲ့

လန်ဒန် ဖေဖော်ဝါရီ ၄

ဗြိတိန်နိုင်ငံတွင် ဖေဖော်ဝါရီ ၂ရက်က အဝယ်မန်နေဂျာများ၏ လစဉ်စာရင်းဇယားများ (ပီအမ်အိုင်)အရ ဗြိတိန်ကုန်ထုတ်လုပ်ရေးကုမ္ပဏီများသည် ဝန်ထမ်းများအား စံချိန်တင်လျှော့ချခဲ့ရပြီး ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက အချို့မှာ အဆိုးရွားဆုံးသော အခြေအနေများသို့ ရောက်ရှိနေသည်ဟု သတင်းထုတ်ပြန်ခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

စီးပွားရေးပညာရှင်များ ခန့်မှန်းသကဲ့သို့ ပြီးခဲ့သည့် ၂၀၀၈ ဒီဇင်ဘာလအတွင်းက စီးပွားရေးအမျိုးအမည်တပ်လုပ်ကိုင်နိုင်မှုမှာ ၃၄ ဒသမ ၉ ရှိပြီး ယခုနှစ် ဇန်နဝါရီလတွင် ၃၅ ဒသမ ၈ ရှိလာသဖြင့် ၂၀၀၈ နိုဝင်ဘာလက စံချိန်တင် ကျဆင်းခဲ့သည့် ၃၄ ဒသမ ၅ နှင့် နှိုင်းစာလျှင် အနည်းငယ် တိုးတက်မှုရှိလာကြောင်း၊ သို့သော်လည်း ဗြိတိန်နိုင်ငံ၏ ၁၇ နှစ်တာ စီးပွားရေးစစ်တမ်းကာလတွင် တတိယအကြိမ်မြောက် စီးပွားရေးအကျဆင်းဆုံး အခြေအနေသို့ ရောက်ရှိနေဆဲပင်ဖြစ်ကြောင်း သိရသည်။

မီးမောင်းထိုးပြ

နောက်ဆုံး ပီအမ်အိုင်အရ လောလောဆယ်တွင် ဗြိတိန်ကုမ္ပဏီများသည် ဆိုးရွားသော ဈေးကွက်အခြေအနေများနှင့် ရင်ဆိုင်နေရသည်ကို မီးမောင်းထိုးပြနေခဲ့ကြောင်း အဝယ်နှင့်ထောက်ပံ့မှု အတတ်ပညာဆိုင်ရာ တော်ဝင်တက္ကသိုလ်တွင် တိုင်းတာအကဲဖြတ်ရေးပညာရှင်အဖြစ် တာဝန်ထမ်းဆောင်နေပြီး လူထုသဘောထားမေးမြန်းကောက်ခံသည့် စီးပွားရေးပညာရှင်တစ်ဦး ဖြစ်သူ မာကစ်က ပြောကြားခဲ့သည်။

ထုတ်လုပ်

သို့သော်လည်း ပီအမ်အိုင်၏ ကုန်ထုတ်လုပ်မှုပမာဏ စာရင်းဇယားများအရ ဒုတိယမြောက်လအဖြစ် လုပ်ငန်းလည်ပတ်နေမှု ပမာဏမြင့်တက်ခဲ့မှုသည် စာချုပ်ချုပ်ဆို ထားသည်များကိုသာ ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်အလိုက် ၆ ရာခိုင်နှုန်းဝန်းကျင်သာ ရှိသေးသည့်အတွက် အပြောင်းအလဲမရှိသေးဆဲပင်ဖြစ်နေကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ချုတ်ခြုံကျ

အဓိကငွေကြေးများနှင့် ဆန့်ကျင်လျက် ပေါင်စတာလင် ငွေကြေးတန်ဖိုးကျဆင်းမှုအပေါ် ပိုမိုအားနည်းလာသော ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားက အလေးသာလာခဲ့ပြီး ကားထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးနှင့် လက်လီရောင်းဝယ်ရေးတို့ ကျဆင်းအကျပ်အတည်းဖြစ်ပေါ်လာမှုအရ အထူးသဖြင့် နိုင်ငံအတွင်း စီးပွားရေးအခြေအနေမှာ ပိုမိုချုတ်ခြုံကျခဲ့သည်ဟုဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းတွင် ဖွင့်လှစ်ထားသည့် ရေခဲဟိုတယ်အတွင်း တစ်နေရာကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နှင်းရှင်းကားတိုက်ခံရ၍ ကနေဒါတွင် သုံးဦးသေဆုံး

အော့တဝါ ဖေဖော်ဝါရီ ၄

ကနေဒါနိုင်ငံအရှေ့ပိုင်း မွန်ထရီယယ်မြို့တွင် ဖေဖော်ဝါရီ ၃ရက်က နေရာနှစ်ခု၌ နှင်းရှင်းကားတိုက်ခံရကာ သုံးဦးသေဆုံးခဲ့ကြောင်း ကနေဒါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပထမဖြစ်စဉ်မှာ ယင်းနေ့ နံနက်စောစောပိုင်းက မြို့လမ်းဆုံတွင် အသက် ၇၀ အရွယ်ရှိ အဘိုးအိုနှင့် အဘွားအိုမှာ မီးစိမ်းပြထားသဖြင့် လမ်းဖြတ်ကူးစဉ် နှင်းရှင်းကားက တိုက်မိခဲ့ခြင်းဖြစ်သည်။ အဘိုးအိုမှာ အခင်းဖြစ်ပွားရာအရပ်တွင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး အဘွားအိုမှာ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထွက်ဆိုခဲ့

ယာဉ်မောင်းမှာ ဆီးနှင်းကြောင့် အမြင်မရှင်းလင်း၍ တိုက်မိခဲ့သည်ဟု ထွက်ဆိုခဲ့သော်လည်း သေဆုံးသူ နှစ်ဦးစလုံးမှာ လမ်းကြောင်းမှန် ဖြတ်ကူးခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ထို့ပြင် မွန်းလွဲ ၂ နာရီခွဲခန့်ကလည်း မြို့မြောက်ပိုင်းဒေသ၌ အသက်၄၀ အရွယ်ရှိ အမျိုးသားတစ်ဦး နှင်းရှင်းကားတိုက်ခံရ၍ သေဆုံးသွားခဲ့သည်။ **(အင်တာနက်)**

စပိန်နိုင်ငံတောင်ပိုင်း မာလာဂါမြို့တွင် လေဆင်နှာမောင်း ဝင်ရောက်မွှေနှောက်သွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကန်ရေဒါစခန်း တည်ဆောက်မည့် အစီအစဉ်ရွှေ့ဆိုင်းဖွယ်ရှိ

ပရာဟား ဖေဖော်ဝါရီ ၄

ချက်သမ္မတနိုင်ငံတွင် အမေရိကန်သမ္မတဘားရက်အိုဘားမားက ရေဒါစခန်းတည်ဆောက်မည့် အစီအစဉ်ရှိဟန်မတူကြောင်း ဒီယင်ဘီယာဦးဆောင်သည့် ချက်အထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းက ချက်သမ္မတနိုင်ငံ၌ အမေရိကန်ရေဒါစခန်းတည်ဆောက်ရေး အစီအစဉ်ကို ရွှေ့ဆိုင်းမည့် အကြောင်းပြချက် ဖြစ်မည်ဟုလည်း ဒီယင်ဘီယာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ဂျီးရီးယားနှင့်ယူကရိန်း ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြင့်တက်ခဲ့

လေဂို့စ် ဖေဖော်ဝါရီ ၄

နိုင်ဂျီးရီးယားနှင့် ယူကရိန်းနှစ်နိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်အတွင်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၃၀၀ကျော်သို့ ရောက်ရှိလာခဲ့ကြောင်း၊ ယင်းပမာဏသည် ၂၀၀၇ ခုနှစ်ကထက် သန်း ၁၀၀နီးပါး မြင့်တက်ခဲ့ကြောင်း ယူကရိန်းစီးပွားရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နှစ်နိုင်ငံအနေဖြင့် သံမဏိ၊ ယာဉ်များ၊ ဓာတ်မြေသြဇာနှင့် အိမ်ဆောက်ပစ္စည်းများကို အဓိကတင်ပို့ခဲ့သည်။ ပြီးခဲ့သည့် သုံးနှစ်ကျော်ကာလက နိုင်ဂျီးရီးယား ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းရှင်များ ယူကရိန်းနိုင်ငံသို့ လာရောက်ခဲ့ပြီးနောက်ပိုင်း ကုန်သွယ်မှုမှာ ပိုမိုတိုးတက် ကောင်းမွန်လာခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ယူကရိန်းနိုင်ငံမှ နည်းပညာများ၊ အသင့်လုပ်ပြီးသား ကုန်ပစ္စည်းများ၊ ဆက်သွယ်ရေးနှင့် လေကြောင်းဆိုင်ရာ လုပ်ငန်းရပ်များကို နည်းယူနိုင်သကဲ့သို့ ယူကရိန်းနိုင်ငံအနေဖြင့်လည်း နိုင်ဂျီးရီးယား၏ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ ပညာရပ်များကို လေ့လာဆည်းပူးနိုင်ခဲ့ကြောင်း ယူကရိန်းစီးပွားရေးကောင်စီ အတွင်းရေးမှူး နစ်ကီချီအိုဒို့က ပြောကြားသည်။

ဗီဇာထုတ်ပေး

ထို့ပြင် ယူကရိန်းသံရုံးအနေဖြင့် နှစ်စဉ်နိုင်ဂျီးရီးယားကျောင်းသား ၂၀၀၀ အား ယူကရိန်းနိုင်ငံတွင် ပညာသင်ကြားနိုင်ရန် ဗီဇာများထုတ်ပေးလျက်သည်။

(အင်တာနက်)

ခေါင်းချင်းဆိုင်တိုက်မိ

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရီမြို့၌ ဘတ်စ်ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့သည်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင်ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက်ရှိသည်ကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆီးနှင်းကြောင့် ပို့ဆောင်ရေးလုပ်ငန်းများ ဗြိတိန်၌ ရပ်ဆိုင်း ဟီသရိုးလေဆိပ် ယာယီပိတ်ထားခဲ့ရ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရ

လန်ဒန် ဖေဖော်ဝါရီ ၄

ဗြိတိန်နိုင်ငံ၌ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့မှုကြောင့် လန်ဒန်မြို့ ဟီသရိုးလေဆိပ်နှင့် ယင်း၏ပြေးလမ်းများကို ပိတ်ပစ်ခဲ့ရကြောင်း ဗြိတိသျှအဓိက လေကြောင်းလိုင်းများ၊ မီးရထားများနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများ အဟန့်အတားဖြစ်ခဲ့သဖြင့် ဝင်ငွေသန်းပေါင်းများစွာ နစ်နာခဲ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အရေးပေါ်

ဟီသရိုးလေဆိပ်နှင့် လန်ဒန်မြို့ရှိ အခြားဝင်ငွေကောင်းသော လေဆိပ်ကြီး သုံးခု၏ လုပ်ငန်းများကို ဆိုင်းငံ့ထားရန် သတိပေးထားခဲ့ရကြောင်း၊ လေယာဉ်ခရီးစဉ်များကို ဖျက်သိမ်းပြီး ဘတ်စ်ကားလိုင်းများနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ခေတ္တရပ်ဆိုင်းထားခဲ့ရကြောင်း၊ ဗြိတိန်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ ယာဉ်၊ ရထားများမောင်းနှင်ရာတွင် အန္တရာယ်ရှိကြောင်း အဝေးပြေးအာဏာပိုင်များက အရေးပေါ် သတိပေး ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပို့ဆောင်

ကမ္ဘာ့လုပ်ငန်းလည်ပတ်မှု အများဆုံးသော ဟီသရိုးလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပေါင်း ၂၅၀ကျော် ဖျက်သိမ်းခဲ့ရပြီး အခြားခရီးစဉ် ၁၀၀၀ကိုလည်း ထပ်မံဖျက်သိမ်းရမည့်အခြေအနေ၊ ဆိုင်းငံ့ရမည့် အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဗြိတိန်လေကြောင်းအာဏာပိုင်များအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ လန်ဒန်ဟီသရိုးလေဆိပ်သည် တစ်နေ့လျှင် ခရီးသည်ပေါင်း ၁၈၀၀၀၀ကို လိုရာခရီးသို့ ပို့ဆောင်ပေးလျက်ရှိသည်။

အမ်အင်န်အေ၊ ရိုက်တာ

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်း နှင့် အေးသန္တာသိန်း

နေပြည်တော်လယ်ဝေးရှိ

ရွှေဟောင်းသမိုင်းဝင် ရန်အောင်မြင် ရွှေလက်လှစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

နေပြည်တော်လယ်ဝေးရှိ ရွှေဟောင်းသမိုင်းဝင် ရန်အောင်မြင်ရွှေလက်လှစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါစေတီရှိ ဓမ္မာရုံ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်အောင်မြင်ရွှေလက်လှစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေးအဖွဲ့ နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ စေတီတော်ဘက်စုံမွမ်းမံပြင်ဆင်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်မိသားစုက ငွေကျပ်ခုနစ်သိန်း၊ ဗိုလ်ချုပ်လှရွှေနှင့်ဇနီးဒေါ်မူမူမြင့်မိသားစုက ငွေကျပ် ၅၄သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးက ငွေကျပ်သုံးသိန်း၊ စစ်ရေးချုပ်ရုံးနှင့် ညွှန်ကြားရေးမှူးရုံးများက ငွေကျပ်ငါးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)က ငွေကျပ်သုံးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)က ငွေကျပ်သုံးသိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ် ၁၈ သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငွေကျပ် ၅၃၅၇၅၀၊ ပြည်ထဲရေးဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ အစိုးရအဖွဲ့ရုံးက ငွေကျပ် နှစ်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနက ငွေကျပ် ၃၂၀၀၀၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ငွေကျပ် ၁၀သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ငွေကျပ် သုံးသိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ငွေကျပ် တစ်သိန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ငွေကျပ် ငါးသိန်း၊ အလုပ်သမားဝန်ကြီး ဌာနက ငွေကျပ် သုံးသိန်း၊ ကျန်းမာရေးဝန်ကြီး ဌာနက ငွေကျပ် တစ်သိန်းခုနစ်သောင်း၊ ရှေ့နေချုပ်ရုံးက ငွေကျပ် ၁၁၅၂၀၀၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့က ငွေကျပ်တစ်သိန်းနှစ်သောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၅၀၉၅၀၀၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနက ငွေကျပ် တစ်သိန်းတစ်ထောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေနှင့် ဇနီးဒေါ်ခင်မြချစ်သားသမီးမြေး တစ်စုက ငွေကျပ်၁၀သိန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက ငွေကျပ် ၃၂၄၅၀၀၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့်ဦးစီးဌာနများက ငွေကျပ် ၇၆၂၄၀၀၊ နေပြည်တော် ပျဉ်းမနား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများက ငွေကျပ်သုံးသိန်း၊ နေပြည်တော်တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများက ငွေကျပ် သုံးသိန်း၊ မက်စ်မြန်မာကုမ္ပဏီက ဘုရားပတ် ကွန်ကရစ်လမ်းတန်ဖိုးသင့် အလှူငွေကျပ် သိန်း ၁၉၀၀၊ သိဏ်းကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ WEG ကုမ္ပဏီက ငွေကျပ် ၁၅ သိန်းနှင့် ၆" Tube Well & Pump အတွက် လှူဒါန်းငွေ ကျပ် ၄၅ သိန်း၊ Moon Ray ကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ ဦးနော်အောင်(အောင်ချမ်းသာကုမ္ပဏီ)က ငွေကျပ် ၁၃ သိန်း၊ မိုးကြယ်စင်ကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဦးမြတ်မင်းမြန်မာ့အလှကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ Original Group ကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ရွှေသပြေကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ပန်းသီကုမ္ပဏီက ငွေကျပ် ခုနစ်သိန်း၊ T.Z.TM ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ နောင်တုံကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ ဧရာရွှေဝါကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ သင်္ဂဟဟိုတယ်က ငွေကျပ်ငါးသိန်း၊ Myanmar Land & Development ကုမ္ပဏီလီမိတက် က ငွေကျပ်ငါးသိန်း၊ သော်တာဝင်း ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ အက်စ်ပီဒင်ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ တက်လမ်းကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီက ငွေကျပ် သုံးသိန်း၊ SE ကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ ဒေါ်ဖွားကြည်နှင့် သားသမီးမြေးတစ်စုက ငွေကျပ် ၂၄ သိန်း၊ ဦးလှမြင့်နှင့် ဇနီး ဒေါ်ယုယုမြတ်မိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါ်နီနီငြိမ်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းအိမ်ရာက ငွေကျပ် တစ်သိန်း၊ ဦးစိုးသိန်းနှင့် ဇနီးဒေါ်ချိုချိုဝင်း(ဆက်သွယ်ရေး)က ငွေကျပ်တစ်သိန်း၊ ပုဂ္ဂလိကအလှူရှင်များက ၆၀၂၈၀၉၃ကျပ်၊ အလှူခံပုံးမှ ရရှိသည့် အလှူငွေ၈၄၁၆၂၇ကျပ်၊ ဗိုလ်ကြီးကျော်ဇေယျ(ငြိမ်း)၊ ဒေါ်လှယဉ်ဇေမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးလင်းလင်း ဇနီး ဒေါ်အေးအေးမြင့် မိသားစုက ငွေကျပ် နှစ်သိန်း၊ Asia Hi-Tech ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ စိန်မိသားစုကုမ္ပဏီက ငွေကျပ် ငါးသိန်းနှစ်သောင်း၊ ဒုတိယဗိုလ်မှူးကြီးအောင်နိုင်နှင့်မိသားစုက ငွေကျပ် ခြောက်သောင်း၊ အရဏ်ဦးကုမ္ပဏီက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော အလှူရှင် ၃၆ဦးက လှူဒါန်းသော အလှူငွေကျပ် ၂၁၇၃၃၁၅၀ အပါအဝင် စုစုပေါင်း အလှူရှင် ၉၇ဦးက အလှူငွေကျပ် ၂၆၁၁၀၃၂၂၀ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၄ရက်က သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ **Mr.Indika Premadasa** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်မှ ချီးမြှောက်သော ဂုဏ်ထူးဘွဲ့ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဝင်းရှိ ဘိုကလေးမြို့နယ် အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူး၊ ဘွဲ့ထူး၊ ဆုတံဆိပ်ရရှိသူများ၊ သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင်များ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် (၂၀၀၇-၂၀၀၈)အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော အသင်းဝင်များ၊ သားသမီးများ၊ ရန်ကုန်ရောက် ဘိုကလေးမြို့သူ မြို့သားများ၊ သားသမီးများ၊ ပါရဂူဘွဲ့ရရှိသူများသည် ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထားပြီး ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း-၀၉-၅၁-၀၈၇၀၅၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် ဖုန်း-၀၉-၉၉-၇၃၉၆၄၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖုန်း-၀၉-၅၀-၇၉၂၀၈၊ အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၆၈၂၈၂၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉-၅၁-၀၅၈၀၆၊ အသင်းတိုက် ဖုန်း-၂၁၂၅၀၈ တို့သို့ ဆက်သွယ်စာရင်းပေးကြရန်နှင့် အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉)

ဒုတိယအကြိမ်

"၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက်"(စနေနေ့)

"မွေးစမှ အသက် ငါးနှစ်အောက်ကလေးငယ်များအားလုံး ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးတိုက်ကျွေးကြပါစို့"

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာန

အာစရိယပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၄

အထက(၃) သဃ်န်းကျွန်း ၁၉၆၉မှ ၁၉၈၇-၁၉၈၈ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အသက် ၆၀ပြည့်နှင့် အထက် အငြိမ်းစား ဆရာဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် လှူဒါန်းငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း မြည်သီလာခန်းမ၌ ကျင်းပခဲ့သည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီနာယက ဗိုလ်မှူးကြီးလှထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပူဇော်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က အလှူငွေပေးအပ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒေါက်တာကျော်စောအောင် (မန်နေဂျင်းဒါရိုက်တာ) Merino Company Limited က အလှူငွေကျပ်ငါးသိန်း၊ ဦးလှရွှေ(မန်နေဂျင်းဒါရိုက်တာ) Star World ဆောက်လုပ်ရေးက အလှူငွေကျပ် သုံးသိန်း**(အပေါ်ပုံ)** ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ဒုတိယအကြိမ် လှူဒါန်းငွေမှာ ကိုးသိန်းဖြစ်ပြီး စုစုပေါင်း အလှူခံရရှိငွေကျပ် ၃၉သိန်းဖြစ်သည်။

တတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ၇ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အများပြည်သူ သိရှိရန် အသိပေးနှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
1	Dexamethasone Tablet (Dexamethasone 0.5 mg)	New Life pharma Co.,Ltd.	Thailand
2	Periactin Tablet (Cyproheptadine HCl 4mg)	M & H Manufacturing Co.,Ltd.	Thailand
3	Stugin Tablet (Cinnarizine 25mg)	Bangkok Lab & Cosmetic Co.,Ltd.	Thailand
4	Tramacap Capsule (Tramadol HCl 50mg)	New Life Pharma Co.,Ltd.	Thailand
5	Dicotil Tablet (Loperamide HCl 2mg)	Picco pharma Co.,Ltd.	Thailand

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူ သုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်း ဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင်အအေးပို၊ လွိုင်လင်၊ ပင်လောင်းနှင့် အမ်းတို့၌ အေးမြဲအေးဆဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၄ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတု အခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ် အထိ၊ချင်းပြည်နယ်နှင့်ပဲခူးတိုင်းတို့၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့သည်။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၃ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟဲဟိုးနှင့် အမ်းမြို့တို့၌ ၃ဒီဂရီစင်တီဂရိတ်အထိ၊ နမ့်စန်မြို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

ဖေဖော်ဝါရီ ၅ရက်**(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတု အခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

သာယာမည်

ဖေဖော်ဝါရီ၅ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မြစ်ရေတင်စီမံကိန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဖေဖော်ဝါရီ ၁ရက် နံနက်ပိုင်းက မှော်ဘီမြို့နယ် မြို့ချောင်းကျေးရွာရှိ တောင်သူဦးကျင်သောင်း၏ နွေစပါးစံပြစိုက်ခင်းအတွင်း ထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ကံကလေးလျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းသို့ရောက်ရှိပြီး တိုင်းရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက နွေစပါး ရေပေးဝေလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ပင်မမြောင်းအတွင်း ရေပို့လွှတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ထန်းတပင်မြို့နယ် ကြို့ကုန်းလျှပ်စစ် မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိ၍ ပင်မမြောင်း၊ လက်တံမြောင်းများမှတစ်ဆင့် ရေသွင်း စိုက်ပျိုးအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကြမန်း ကျေးရွာအုပ်စုရှိ ရေနက်ကွင်း သီးနှံစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံက နွေစပါးစိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် ဌေ့တန်းရှည်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ရေပေါ်သောင် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၊ တိုက်ကြီးမြို့နယ် မင်းလှ၀ လျှပ်စစ်မြစ်ရေတင် စီမံကိန်း၊ သပြေတန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ တော်လတီ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ အလဘုတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် အိုင်ကလောင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများသို့သွားရောက်၍ ပင်မမြောင်း၊ လက်တံမြောင်းများအတွင်းသို့ ရေပို့လွှတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက်တိုင်းမှူးသည်တိုက်ကြီးမြို့နယ် အဖျောက်-ဥတိုလမ်းပေါ်ရှိ အိုးဘိုတန်းကျေးရွာ တောင်သူ ဦးကျော်လွင်၏ မြေပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် စံပြစိုက်ခင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေမှုများကိုလည်းကောင်း၊ ကျိုက်စကိုင်းကျေးရွာ တောင်သူ ဦးအောင်ကျော်မြ၏ နွေစပါး စံပြစိုက်ခင်းနှင့် မျိုးကောင်း မျိုးသန့် စံပြစိုက်ကွင်းအတွင်း တမန်းနှိုးနေမှုနှင့် မြေသြဇာစုပေါင်းကြဲပက်နေမှုကို လည်းကောင်း၊ ရင်းတိုက်ကွင်းကျေးရွာ တောင်သူ ဦးသန်းဦး၏ နေကြာ သီးသန့်စိုက်ခင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် နည်းပညာတက္ကသိုလ်(မှော်ဘီ)သုံးထပ်စာသင်ကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့ နံနက် ၇ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းကိုယ်စားပြု ပြိုင်ပွဲဝင် အားကစားသမားများအား တွေ့ဆုံ အားပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မင်္ဂလာတောင်ညွန့် ကန်/မြောက်ရပ်ကွက်တွင် စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ရက် နံနက် ၁၀ နာရီက ကန်/မြောက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် စာဖတ်ပရိသတ်များ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကန်/မြောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်အောင်ဌေးက စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းရင်းကို ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်များ ရှင်သန်ခိုင်မာတိုးတက်ရေးနည်းလမ်းများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ကထိက ဦးသန်းထွန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တိုင်းရင်းဆေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးစောထွေးမိုးအောင်တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် တိုင်းရင်းဆေးဆရာများအဖွဲ့ ဇန်နဝါရီ ၁၁ရက်က ကျောက်မဲမြို့နယ်အတွင်းရှိ နောင်ပိန်တိုက်နယ်ကျေးရွာအုပ်စု ခိုအုန်ကျေးရွာနှင့် မိုင်းကင်းကျေးရွာများမှ တိုင်းရင်းသားဝေဒနာရှင်များအား ဘေသဇ္ဇနယ၊ ဒေသနာနယ၊ နက္ခတ္တဗေဒနယနှင့် ဝိဇ္ဇာဓရနယကုထုံးများဖြင့် နယ်လှည့်ကွင်းဆင်း၍ အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးစဉ်။ (တိုင်းရင်းဆေး)

အလိမ္မာစာကြည့်တိုက် ရွှေတောင်မြို့နယ်တွင်ဖွင့် စာအုပ်မျိုးစုံနှင့် ငွေပဒေသာပင်အတွက် အလှူငွေပေးအပ်

ရွှေတောင် ဖေဖော်ဝါရီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် တံပူစားကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာ အလိမ္မာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက်က အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အဆောက်အအုံသစ်ကို ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ညွန့်၊ ပြည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် အဆောက်အအုံ အလှူရှင် ဦးတင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

စာအုပ်စာစောင်နှင့် အလှူငွေများကို ပေးအပ်ကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က စာအုပ်မျိုးစုံ ၁၀၀ **(အပေါ်ပုံ)**၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းဦးတို့က စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သောင်းစီ၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က စာအုပ်မျိုးစုံ၅၀တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဌေးဦးက လက်ခံယူသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တက်ရောက်လာသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာကို မြန်မာလိုသုံးနိုင်မည့် မြန်မာစာပြုစနစ် ဝယ်ယူအသုံးပြုနိုင်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၄

ကွန်ပျူတာစနစ်တစ်ခုလုံးကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်သော ကွန်ပျူတာသုံး မြန်မာစာပြုစနစ်တစ်ခုဖြစ်သည့် MyMyanmar Unicode System 2009 ကို အစိုးရရုံးအဖွဲ့အစည်းများ၊ အစိုးရရုံးအဖွဲ့အစည်းများနှင့် ဆက်စပ်နေသော အသင်းအဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ကွန်ပျူတာကို ယခုမှ စတင်လေ့လာလိုသူများအနေဖြင့် စတင်ဝယ်ယူအသုံးပြုနိုင်ပြီဖြစ်သည်။

အစိုးရရုံးအဖွဲ့အစည်းများတွင် e-government လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက်ယူနီကုတ်စံသတ်မှတ်ချက် စနစ် ၅ ဒသမ ၁ ကို လိုက်နာသည့် Myanmar 2 ဖောင့်ကိုအသုံးပြုရန် သတ်မှတ်ထားရာ My Myanmar Unicode System 2009 သည်အဆိုပါ Myanmar 2 ဖောင့်အတွက် တိုက်ရိုက်အသုံးပြုနိုင်သော ကွန်ပျူတာစနစ်တစ်ခုဖြစ်သည်။

ကွန်ပျူတာတွင် မြန်မာစာကို အသုံးပြုသူများအနေဖြင့်အခက်အခဲတွေ့သည်မှာ မြန်မာဖောင့် ပြောင်းသည့်အခါ လက်ကွက်ပြောင်းရိုက်ရသည့် ပြဿနာဖြစ်သည်။ MyMyanmar Unicode System 2009 တွင် မည်သည့် ဖောင့်ပုံစံကို သုံးသည်ဖြစ်စေ လက်ကွက်ပြောင်းရိုက်ရန်မလိုဘဲ မိမိရိုက်နေကျလက်ကွက်အတိုင်း စာရိုက်နိုင်ရန် စီမံပေးထားသည်။

ထို့ပြင် မြန်မာလက်ကွက်မသိသူများအတွက် on-screen keyboard ဖြင့် မောက်စ်ကို အသုံးပြု၍ရိုက်နှိပ်နိုင်ရန်ကိုပါစီမံပေးထားသည်။ ၂၀၀၉ ခုနှစ်အတွင်း လက်ရေးဖြင့် မှတ်သားနိုင်သော ယူနီကုတ်စနစ်ပါ ထပ်မံထွက်ပေါ်လာမည်ဖြစ်ရာ မြန်မာဘာသာစကားကိုတတ်ကျွမ်းရုံမျှဖြင့်ပင် ကွန်ပျူတာကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။

ထို့ပြင် Myanmar 2နှင့်အလားတူ ယူနီကုတ်စံသတ်မှတ်ချက် ၅ ဒသမ ၁ကို လိုက်နာသော မြန်မာဖောင့်များကိုလည်း ထည့်သွင်းပေးထားရာ ရုံးအဖွဲ့အစည်းများအနေဖြင့် Myanmar 2 ဖောင့်တစ်ခုတည်းကိုသာ သုံးနေကြရရာမှ ဖောင့်ပုံစံ အမျိုးမျိုး အသုံးပြုရန် လိုအပ်သောနေရာများအတွက် အဆင်ပြေစေနိုင်မည်ဖြစ်သည်။ MyMyanmar Unicode System 2009 တွင်ဇော်ဂျီယူနီကုတ်စနစ်ကို ထည့်သွင်းပေးထားသည်။ ထို့ကြောင့် ဇော်ဂျီဖောင့်ကို ယူနီကုတ်စနစ်အတိုင်း အပြည့်အဝအသုံးပြုနိုင်ပြီဖြစ်ရာ ကွန်ပျူတာကို နယ်ပယ်နေရာအသီးသီးတွင် အသုံးချနေသူများအတွက် ယူနီကုတ်စနစ်ကို အပြည့်အဝအသုံးချနိုင်တော့မည်ဖြစ်သည်။ ယခင်ကလို ဆော့ဖ်ဝဲတစ်မျိုးတွင် ဖောင့်တစ်မျိုး သုံးနေရသည့် ပြဿနာများလည်း ကင်းရှင်းသွားမည်ဖြစ်ပြီး မည်သည့်ဆော့ဖ်ဝဲတွင် အသုံးပြုသည်ဖြစ်စေ အဆင်ပြေစွာ အသုံးချနိုင်တော့မည် ဖြစ်သည်။

MyMyanmar Unicode System 2009 နှင့်အတူ ယူနီကုတ် ဖောင့်များ ဖြစ်သော MyMyanmar font, CE Classic font, M-Myanmar font, Zaw Gyi font များ စုစုပေါင်း ဖောင့် ၁၁ မျိုးကို ထည့်သွင်းပေးထားသည်။ ထို့ပြင် ကွန်ပျူတာပုံနှိပ်ထုတ်ဝေရေးလောကနှင့် ဂရပ်ဖစ်ဒီဇိုင်းလောကတွင် အသုံးပြုနေကြသော ဖောင့်ပုံစံ ၁၀၀ ကျော်ကိုလည်း ယူနီကုတ်ဖောင့်များအဖြစ် ပြောင်းလဲပေးထားပြီး မကြာမီ ဆက်လက်ထုတ်ဝေသွားရန် စီစဉ်လျက်ရှိသည်။

တီထွင်

အလားတူပင် My Myanmar Unicode System 2009 တွင် ကွန်ပျူတာကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ရန်အတွက် ကွန်ပျူတာအများစုတွင် အသုံးပြုနေကြသော Windows XP ကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်စေရန် တီထွင်ထည့်သွင်းပေးထားသည်။

ဝယ်ယူနိုင်

MyMyanmar Unicode System 2009 ကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် မြို့ကြီးများရှိ ကွန်ပျူတာအရောင်းဆိုင်များ၊ စီဒီ အရောင်းဆိုင်များနှင့် စီးတီးမတ်၊ Orange, Ocean စူပါမားကက်များတွင်ဝယ်ယူနိုင်ပြီး ဖုန်း-၃၈၇၃၀၅ သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်စိအထူးကုဆရာဝန်များ အခမဲ့ ကွင်းဆင်းကုသပေး

နေပြည်တော်လယ်ဝေး ဖေဖော်ဝါရီ ၄

နေပြည်တော်ခရိုင် နေပြည်တော် ပျဉ်းမနား ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီး မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာနမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာလှမာလာ ဦးဆောင်သည့် မျက်စိအထူးကု ဆရာဝန်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်က နေပြည်တော်လယ်ဝေး သာဝတ္တိကျေးလက်ကျန်းမာရေးဌာန၌ သာဝတ္တိဒေသအတွင်းရှိ မျက်စိရောဂါဝေဒနာရှင် ၁၀၂ဦးကို ဆေးဝါးများအခမဲ့ကုသပေးခဲ့ပြီး ခွဲစိတ်လူနာ ၅၀ အား နေပြည်တော်ပျဉ်းမနား ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီးတွင် ဆက်လက် ကုသပေးကြောင်း သိရသည်။

(၀၈၃)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဦးအောင်သောင်း

စစ်ကိုင်းတိုင်း ဝါဝယ်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် တွက်ခြေကိုက်သောငွေချည်(၆) ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးရေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁ရက် နံနက်၉နာရီက မြင်းမူဝါကြိတ်စက်ရုံဝင်းရှိ ငွေချည်(၆) ချည်မျှင်ရှည်ဝါ အဝယ်ဒိုင်၌ ဝါတောင်သူများ ချည်မျှင်ရှည်ဝါရောင်းချမှုနှင့် ဝါအဝယ်ဒိုင်၏ ဝါအဆင့် ခွဲခြားစစ်ဆေးနေမှု၊ မြင်းမူမြို့နယ် အလ္လကပ္ပဝါအဝယ်ဒိုင်နှင့် ချောင်းဦးမြို့ ဝါအဝယ်ဒိုင်၌ ဝါတောင်သူများ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ရောင်းချမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝါများအပြည့်အဝ ဝယ်ယူရရှိနိုင်ရေးစီစဉ်ဆောင်ရွက်ကြရန် မှာကြားသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီး ဦးအောင်သောင်းတို့သည် မွန်းလွဲ၁နာရီတွင် မုံရွာမြို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းအတွင်း ဝါဝယ်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြပြီး တိုင်းမှူးက စစ်ကိုင်းတိုင်းအတွင်း ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု၊ ဝါရရှိနိုင်မှုအခြေအနေနှင့် တောင်သူများအတွက် တွက်ခြေကိုက်သော ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီးက ဝါစိုက်တောင်သူများအတွက် တွက်ခြေကိုက်ပြီး အကျိုးအမြတ်ရရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါများ ပိုမိုစိုက်ပျိုးကြရေး၊ ထွက်ရှိသော ငွေချည်(၆) ချည်မျှင်ရှည်ဝါအားလုံးကို အဆင့်အတန်းအလိုက် သတ်မှတ်စံနှုန်းများနှင့်အညီ ဝယ်ယူမည့် အခြေအနေ၊ ပြည်တွင်းဖူလုံပါက ပြည်ပသို့တင်ပို့ရောင်းချမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

မှာကြား

ထို့နောက် စစ်ကိုင်း၊ ရွှေဘိုနှင့် မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ငွေချည်(၆)ချည်မျှင်ရှည်ဝါ ထွက်ရှိမှု၊ ဝါဝယ်ယူရရှိနိုင်မှုနှင့် ဝါတိုးချဲ့စိုက်ပျိုးမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး တာဝန်ရှိသူများက ဝါဝယ်ယူရေးဒိုင်များ၌ ဝါဝယ်ယူရရှိမှု အခြေအနေများကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလှမယ်ပြိုင်ပွဲ

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း (၁၅)နှစ်ပြည့် အထိမ်းအမှတ် ပန်းဇကရီ အလှမယ် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ရက် ညက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပရာ ပန်းဇကရီ အလှမယ် ဟန်နွေသိမ်း(ခ)အဆိုတော် Jenny၊ ဒုတိယဆုရှင်နှင်းဇပရယ်နှင့် တတိယဆုရှင်နော်ဆိုဖီယာတို့အား ရရှိသည့် ဆုတံဆိပ်များနှင့်အတူတွေ့ရစဉ်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ သစ်တောကျောင်း(ပြင်ဦးလွင်)ကျောင်းဆင်းပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ဆုပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၄

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း (ပြင်ဦးလွင်)၏ (၁၀၃)ကြိမ်မြောက် ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက်က ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်းစစ်ရေးပြကွင်း၌ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ ဘက်စုံထူးချွန်ဆုရ ကျောင်းသားအမှတ်(၁၅၃) မောင်သိန်းဦး၊ ဘက်စုံဒုတိယ ထူးချွန်ဆုရ ကျောင်းသားအမှတ်(၄၈) မောင်ကျော်ဇင်မြင့်ဦး၊ အားကစားထူးချွန်ဆုရ ကျောင်းသား အမှတ် (၁၀၉) မောင်အောင်ကျော်ထွေး၊ စစ်ရေးပြအကောင်းဆုံး တပ်ခွဲဆုရ တပ်ခွဲအမှတ်(၃) တပ်ခွဲမှူးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

ထို့နောက် သင်တန်းဆင်း တပ်ခွဲများက ဝန်ကြီးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု၍ ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကား

ဆက်လက်၍ ကျောင်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သစ်တောသယံဇာတဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးအသင်းတို့က ထူးချွန်ဆုရ ကျောင်းသားများအား ဆုများပေးအပ် ချီးမြှင့်ကြပြီး သင်တန်းကျောင်းကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံသစ်တောကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လက်ခံသည်။

ကျောင်းဆင်းလက်မှတ်ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဆင်းလက်မှတ်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုင်းဖြတ်မြို့နယ် မိခင်/ကလေးအသင်း ကျေးလက်ကွင်းဆင်း ကျန်းမာရေးပညာပေးဟောပြော၊ ပစ္စည်းပေးအပ်

မိုင်းဖြတ် ဖေဖော်ဝါရီ ၄

မိုင်းဖြတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးမိမိလွင် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁နာရီက မိုင်းဟဲကျေးရွာအုပ်စု ဘူရှီးကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ မျိုးဆက်ပွား ကျန်းမာရေး အသိပညာပေးခြင်း၊ သားဆက်ခြားနည်း လေးမျိုးနှင့် အိုင်အိုဒင်းဆား စားသုံးခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများအကြောင်း အသေးစိတ်ဟောပြောဆွေးနွေးသည်။

ထို့နောက် ရာသက်ပန်အသင်းဝင်လျှောက်လွှာများ ပေးအပ်ပြီး အသင်းဝင်အသစ်များ လက်ခံဆောင်ရွက်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသူများအား အိုင်အိုဒင်းဆားထုပ်ကိုလည်းကောင်း(**ယာပုံ**)၊သက်ကြီးရွယ်အိုနှင့်ချို့တဲ့သူများအား အဝတ်အထည်နှင့် ဖယောင်းတိုင်တို့ကိုလည်းကောင်း၊ ကလေးသူငယ်များအား အာဟာရမှုန့် ဝေဖာများကို လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်းနှင့် ဂျာနယ်စာစောင်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ (၁၅)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီ ၁၄ ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် မင်္ဂလာခန်းမ (UMFCCI Office Tower) အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ စိတ်ဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြသည်။

အင်တာနက်နှင့် အီးမေးလ် သင်တန်းဖွင့်မည်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့်(i-channel)တို့ ပူးပေါင်းစီစဉ်မှုဖြင့် အင်တာနက်နှင့် အီးမေးလ် သင်တန်းအမှတ်စဉ် ၁/၂၀၀၉ ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၂၅၂၅၈၉ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပလက်ဝအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ပလက်ဝမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၉၄(က) မင်းနန္ဒာလမ်း ဒေါပုံမြို့နယ်ရှိ အဆိုပါအသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ရှားပါးစာအုပ်ပြပွဲနှင့် ရောင်းပွဲ

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ လောကနတ်အနုပညာခန်းမ(ပထမထပ်)၌ ဖေဖော်ဝါရီ ၄ရက်မှ ၂၁ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ဇော်စာပေမှ ရှားပါးစာအုပ်ပြပွဲနှင့်ရောင်းချပွဲကို ကျင်းပလျက်ရှိရာ စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်အသင်း ဟောပြောမည်

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဦးအေးကျော်(MHR)က စီမံခန့်ခွဲရေးဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇနဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။

ဥပဒေကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

အမှတ်စဉ်(၁)မှ(၅) [B.A (Law), LL.B] ဥပဒေပညာရပ် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ၁၅ရက်(တနင်္ဂနွေနေ့)တွင် နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်မွှေားရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၆၆၀၂၆၀၊ ၀၁-၃၈၇၆၃၁တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာဗန်တိုသိုင်းပညာစာအုပ်(အပိုင်း-၂) ထုတ်ဝေမည်

မြန်မာ့ရိုးရာသိုင်းပညာကို စိတ်ဝင်စားသောလူငယ်များအတွက် မြန်မာ့သိုင်းပညာအခြေခံ ဗန်တိုနည်းပညာ (အပိုင်း-၂)ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် မတ်လတွင် ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။

လေးမျက်နှာအသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးမည်

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် အောင်ဆန်းတောရတပ်ဦး၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၆၁၃၉၁၁သို့ ဆက်သွယ်နိုင်သည်။

ယာဉ်လိုင်စင်သက်တမ်းတိုး မိနစ်ပိုင်းအတွင်းဆောင်ရွက်ပေးမည်

ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဖေဖော်ဝါရီ ၂ရက်မှစ၍ ယာဉ်လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ပေးခြင်းကို မိနစ်၂၀အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးမည်ဖြစ်ရာ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းကို တိုင်းကညနရုံးဝင်းအတွင်းရှိ သီးသန့်အဆောက်အအုံတွင် ဆောင်ရွက်ပေးမည်ဟုသိရသည်။

ကူမင်းအမျိုးသားပြတိုက်ပန်းချီပြပွဲ မြန်မာပန်းချီဆရာများပါဝင်

ကူမင်းမြို့ ကူမင်းအမျိုးသားပြတိုက်၏ ပန်းချီပြပွဲတွင် နိုင်ငံတကာမှ ပန်းချီကားများပြသမည်ဖြစ်ရာ မန္တလေးသားပန်းချီဆရာလေးဦးလည်း ပါဝင်ပြသမည်ဖြစ်ပြီး ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၇ရက်၌ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

✳ *ကျော့ဖုံးမှ*

တစ်ပြည်လုံးသို့ ကုန်စည်နှင့် ခရီးသည်တို့ ရာသီမရွေးသွားလာနိုင်သဖြင့် ဒေသခံပြည်သူတို့ များစွာကျေနပ်ဝမ်းမြောက်လျက် ရှိနေကြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့ ကဝမြို့သို့ ရောက်သည့်အခါ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး စောစန်းဒိုတို့က ကြိုဆိုကြပြီး မြို့နယ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောပြကြသည်။

စိုက်ပျိုးလုပ်ကိုင်

"ကျွန်တော်တို့ကဝမြို့နယ်ဟာ အလျား ၂၈မိုင် × အနံမိုင် ၂၀၊ ၆၄၇ဒသမ၆၈စတုရန်းမိုင်၊ ၄၁၄၅၁၅ ဧက ကျယ်ဝန်းပါတယ်။ ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၀၊ ရွာပေါင်း ၁၅၄ရွာဖွဲ့စည်းထားပြီး တစ်စီးနဲ့ ဖွဲ့ထရက်တာ ထွန်စက်တစ်စီး ရှိပါတယ်၊ တစ်နှစ်မိသားစု အသားတင်ဝင်ငွေ ကျပ်သိန်း ၂၀ခန့်ရပါတယ်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ နည်းပညာ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဓာတ်မြေဩဇာများ ပံ့ပိုးကူညီပါတယ်။ လယ်တွေ ဆည်ရေသောက်ခွင့်ရရင် အားလုံး နွေစပါးနဲ့ ဆောင်းသီးနှံစိုက်ပျိုးနိုင်မှာပါ"ဟု ဦးဖိုးချိုက ပြောပြသည်။

မွန်းလွဲ ၁နာရီခွဲခန့်တွင် ပဲခူး-သုံးခွ ကားလမ်းမပေါ်ရှိ အလယ်ကျေးရွာအုပ်စု အလယ်ရွာနွေစပါး ၁၀၄ဧက စိုက်ပျိုးသည့် ဦးမြင့်စိုး၏ စိုက်ကွင်းသို့ မြို့နယ်ဥက္ကဋ္ဌနှင့်အတူ မြန်မာ့အလင်းသတင်းအဖွဲ့သွားရောက်ခဲ့သည်။

ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် လယ်သမားကြီး ဦးမြင့်စိုးက ကြိုဆိုပြီး မြို့ဝင်နွေစပါး စံပြဧက ၁၀၀၀ ဆင်း

ပဲတီစိမ်းနှင့်ပတ်သက်၍ ဖွဲ့ဘာအုပ်စုမှ ဦးအောင်သိုက်က မြန်မာ့အလင်းသို့ ရှင်းပြခဲ့စဉ်။ (မြန်မာ့အလင်း)

လူဦးရေ၂၀၇၂၇၁နေထိုင်ကာ စိုက်ပျိုးမြေဧက ၂၀၆၀၅၀မှာ လယ်မြေ ၂၀၁၈၅၆ဧက၊ဥယျာဉ်ခြံမြေဧက၄၀၅၀နဲ့ ဓနိမြေ ၁၄၄ဧက စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်"ဟု မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင်က ရှင်းပြသည်။

ထို့နောက် မိုးစပါးအပြီး နွေစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းနေသည့် ကဝမြို့မှ ၁၂မိုင်ခန့်ဝေးသည့် အလယ်ရွာသို့ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးဝင်းနိုင်နှင့်အတူ မြန်မာ့အလင်းသတင်းအဖွဲ့ ခရီးဆက်ခဲ့ကြသည်။

လမ်းတွင် ဖွဲ့ဘာအုပ်စုမှ ဦးသိုက်စိုး(ခ) ဦးအောင်သိုက်၏ မိုးစပါးနှင့် ဆောင်းသီးနှံ ၁၃၃ဧက စိုက်ခင်းသို့ ဝင်ရောက်လေ့လာခဲ့ကြသည်။ဓာတ်ပုံသတင်းထောက် ကိုတင်စိုးက မျက်စိတဆုံးအောင်မြင်ဖြစ်ထွန်းနေသည့် MR-9 ပဲတီရွှေဝါပဲစိုက်ခင်းကို မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အသားတင်အမြတ်

"ကျွန်တော့်အသက် ၃၆နှစ်ရှိပါပြီ။ ဘွဲ့ရတစ်ဦးပါ။ လယ်ဧက ၁၃၃ဧကကို ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ပါတယ်။ ကျွန်တော့်မှာ ကျွဲ၊ နွားကောင်ရေ ၃၀ကျော်၊ လက်တွန်းထွန်စက်၊ လယ်ယာ(၁၆) နှစ်စီး၊ NC-131ထွန်စက်တစ်စီးနဲ့ ဖွဲ့ထရက်တာ (၅၀)တစ်စီးရှိပါတယ်။ သီးနှံဈေးနှုန်းပေါ် မူတည်ပြီး တစ်နှစ်တာစိုက်ပျိုးရေးလုပ်ငန်းမှ အသားတင်အမြတ် ကျပ်သိန်း ၃၀ကျော်ရပါတယ်"ဟု ဦးအောင်သိုက်က မြန်မာ့အလင်းသတင်းအဖွဲ့ကို ရှင်းပြသည်။

ဆက်လက်၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် မိုးစပါး ၅၈ဧက၊ ပဲတီစိမ်းဧက ၄၀၊ မြေပဲ ၂ဒသမ ၅ဧကစိုက်ပျိုးထားသည့် ဦးဖိုးချိုစိုက်ခင်းသို့ ခရီးဆက်ခဲ့သည်။

ပံ့ပိုးကူညီ

"ကျွန်တော်ကတော့ မိရိုးဖလာလယ်ယာလုပ်ငန်းနဲ့ အသက်မွေးမြူပါတယ်။ ဂွန်ဒေါင်းထွန်စက်

သွယ်ယဉ်၊ ဆင်းသွယ်လတ်၊ ဆင်းနွယ်ယဉ် စိုက်ပျိုးထားမှု စိုက်ဧကအားလုံး အောင်မြင်ဖြစ်ထွန်းနေမှု၊ ငါးနှင့် နွေစပါး မွေးမြူစိုက်ပျိုးမှု၊ ဘဲမွေးမြူမှုနှင့် ဝက်ကောင်ရေ ၆၀ မကြာမီမွေးမြူမည့် အခြေအနေများကို အားပါးတရ ရှင်းပြသည်။

မွေးမြူရေး

အားရကျေနပ်စရာကောင်းသည့် မြင်ကွင်းပင် ဖြစ်သည်။ မျက်စိတဆုံး အောင်မြင်နေသော နွေစပါးများ၊ မနားမနေ အသံပေးနေသော ဘဲများ၊ ကျယ်ဝန်းသည့် ငါးကန်များနှင့် ဝက်မွေးမြူရေးခြံများက အားကျစရာပင်ဖြစ်သည်။

ထို့နောက် စိတ်ဝင်စားဖွယ်ဖြစ်သည့် ကဝမြို့နယ်အတွင်းတမံပိတ်ပြီး အနီးဆုံးရှိ ကျုံပေချောင်းမှ ကျွဲတဲရိုးအတိုင်း၊ အလယ်ရွာလယ်မြေများသို့ အလျား ပေ ၁၅၀၀× အနက် ၄ပေ× အကျယ် ၁၀ပေရှိ ရေပေးမြောင်းကို လယ်သမားများ ကိုယ့်အားကိုယ်ကိုး စုပေါင်းတူးဖော်ရေသွယ်ခြင်းပင်ဖြစ်သည်။ ရေမြောင်းဘေးရှိ လယ်မြေများကား နွေစပါး၊ ဆောင်းသီးနှံ၊ ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို ကြည်နူးဖွယ် တွေ့ခဲ့ရသည်။

'နွေစပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးလုပ်ကိုင်လျက် ရှိပါတယ်'

ဦးလှဝင်းအောင် ဥက္ကဋ္ဌ
ကဝမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြီးကြပ်ဆောင်ရွက်

မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ရှိနေချိန်တွင် စက်ယန္တရားဖြင့် ဦးမြင့်စိုးက ငါး၊ စပါးကန်ပေါင် မြှင့်တင်ခြင်းကိုမြင်တွေ့ခဲ့ရာ ဒေသဖွံ့ဖြိုးမှုအတွက် အားတက်စရာမြင်ကွင်းပင်ဖြစ်ပေသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်က လယ်သမားများ လုပ်ငန်းချောမွေ့စေရန် ကော်မတီဖွဲ့စည်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

လယ်သမားကြီး ဦးမြင့်စိုးသည် ဓာတုဗေဒအဓိကဖြင့် ဒဂုံတက္ကသိုလ်၌ ပညာသင်ကြားနေသူနှင့် တက္ကသိုလ်ဝင်တန်းတက်နေသူတစ်ဦးအပါအဝင် သမီးနှင့်သား မိသားစုလေးဦးရှိကြောင်း၊ ဘဲကောင်ရေ ၁၅၀၀ခန့် မွေးမြူထားရာ နေ့စဉ် ဘဲဥအလုံး ၆၀၀ခန့်ရရှိပြီး သနပ်ပင်မြို့ အဝယ်ဒိုင်များသို့ တစ်လုံးကျပ် ၉၀ဖြင့် ပေးသွင်းရမှုနှင့် တစ်နှစ်အသားတင် မိသားစုဝင်ငွေ ၂၅သိန်းမျှရကြောင်း၊ နွေစပါး တစ်ဧက ပျမ်းမျှ တင်း ၇၀အနည်းဆုံး ထွက်နိုင်ကြောင်း ပြောပြသည်။

ညနေ၄နာရီခန့်တွင်မြန်မာ့အလင်းသတင်းအဖွဲ့သည်ဒေသဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လာလမ်းအတိုင်း ကဝမြို့သို့ ပြန်ခဲ့သည်။ လမ်းဘေးဝဲယာမှ ဖြစ်ထွန်း အောင်မြင်နေသော စိုက်ခင်းများ မျက်မြင်တွေ့ရသဖြင့် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာကို မေးမြန်းခဲ့ရသည်။

ပိုမိုစိုက်ပျိုး

ကဝမြို့နယ်တွင် ယမန်နှစ်က မိုးစပါး ၂၀၂၀၀၅ဧကစိုက်ပျိုးရာ ၁၂၇၀၀၆၄၈ တင်း ထွက်ရှိသဖြင့် တစ်ဧက ၆ဒသမ ၃၂တင်းနှုန်း ထွက်ရှိကြောင်း၊ နွေစပါးဧက ၃၀၀၀စိုက်ရာ ၂၂၈၃၀၅တင်း ထွက်ပြီး တစ်ဧက ၇၆တင်းနှုန်း ထွက်ရှိကာ ယခုနှစ်တွင် မိုးစပါး ၂၀၂၃၂၈ဧကစိုက်ပျိုးပြီး ၁၃၉၆၆၇၀၂တင်းထွက်ရှိသဖြင့် တစ်ဧက ၆၉တင်း ထွက်ရှိကြောင်း၊ နွေစပါး ၃၀၈၅ဧက၊ ပဲတီစိမ်းဧက ၁၁၈၉၀၀၊ မတ်ပဲဧက ၁၄၉၀၊ မြေပဲ ၅၇၇၈ ဧက၊ နေကြာ ၁၇၉၀၅ဧက၊ နှမ်း ၁၁၇ဧက၊ ပဲဖြူလေး ဧက ၁၂၀၀၊ ဗိုလ်ကိတ်ပဲ ၁၅၃ဧက၊ ပြောင်းဖူး ၅၅ဧက၊ ဟင်းသီးဟင်းရွက်ဧက ၁၈၀၀ စိုက်ပျိုးထားရာ ယခင်နှစ်ထက် သီးနှံအချို့စိုက်ဧက ပိုမိုစိုက်ပျိုးထားကြောင်း သိရသည်။

တစ်ဖန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောပြသည်။

စနစ်တကျစွန့်ပစ်

ကဝမြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းဘေးဝဲယာတွင် ကွန်ကရစ်ပန်းအိုး ၁၈၅လုံးကို ပဲခူးလမ်း၊ ခန်းမလမ်းတို့တွင် ပန်းများဝေဆာဖူးပွင့်နေရန် စိုက်ပျိုးထားပြီးဖြစ်သည်။

ပဲခူးလမ်းတွင် ပြည်သူများမှ ကိုယ့်အားကိုယ်ကိုးဖြင့် အိမ်ရှေ့ပလက်ဖောင်းများပေ ၂၄၆၀ ဆောင်ရွက်နိုင်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် တစ်ခုထူထောင်ထားပြီး ပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိကာ ရာသီအလိုက်ပန်းများ စိုက်ပျိုးလျက်ရှိသည်။ ရေမြောင်းများအတွင်း ရေဆိုးများမရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ခန်းမလမ်း၊ ငါးထပ်ကြီးဘုရားလမ်းစသည့် မြို့တွင်းလမ်း ငါးလမ်းတွင် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ မြို့အတွင်း သန့်ရှင်းရေးလုပ်ငန်းများအား နေ့စဉ် နံနက် ၇နာရီတွင် လုပ်သားများဖြင့် အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းဆောင်ရွက်ပြီး၊ သိမ်းဆည်းရရှိသည့် အမှိုက်များအား အနောက်ပိုင်း အမှိုက်စွန့်ပစ်ကန်တွင် စနစ်တကျစွန့်ပစ်လျက်ရှိကြောင်းကိုလည်း မြင်တွေ့ခဲ့ရသည်။

ရယူသုံးစွဲ

ကဝမြို့ပေါ် ခြောက်ရပ်ကွက်အတွင်း မြေသားရေလှောင်ကန် ၂၆ကန်ရှိပြီး ရေသိုလှောင်နိုင်မှု ပမာဏမှာ ရေဂါလန် ၄၂ဒသမ၀၉ သန်းဖြစ်သည်။ စက်ရေတွင်းတစ်တွင်းရှိပြီး မြေအောက်ရေကို စုပ်ယူ၍ ရေကန်အတွင်းသို့ ရေထည့်သွင်းခြင်းဖြင့် ရေများရယူ သုံးစွဲနိုင်အောင် စီမံဆောင်ရွက်ပေးထားသည်။

ကဝ-ရှမ်းကန်ကျေးလက်လမ်းမှာ ကဝမြို့နှင့်ဆက်သွယ်ထားသောအရှည် ငါးမိုင်ရှိသည့် အဓိကလမ်းမကြီးဖြစ်ပြီး ရှမ်းကန်ရွာ၊ သပြုရွာ၊ အင်းဝရွာ၊ သခွပ်ကန်ရွာ၊ ဇင်းဘု၊ ဘူးကုန်းရွာ၊ သရက်တောရွာ၊ ခနီးရွာ၊ ခနာရွာ၊ ညောင်ပင်ရွာ၊ သမဲ့ချောင်းရွာ၊ ပြည်တော်သာရွာ၊ ဘုမ္မဇိုးရွာ အစရှိသည့်ရွာများမှ ပြည်သူများ မြို့ပေါ်သို့ ရာသီမရွေးသွားလာနိုင်သော အဓိကကျသည့် ကျေးလက်လမ်းမကြီး ဖြစ်သည်။ မြေသားလမ်းအနေဖြင့် သပြု-မကျက်ကြီးကျေးလက်လမ်းကို စည်ပင်နှင့် ဒေသခံပြည်သူပူးပေါင်း၍ မြေသားလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည်။ ၄င်းလမ်းမကြီးမှာလည်း ကဝမြို့ပေါ်အမှတ်(၆)ရပ်ကွက်နှင့် ခမေရွာ၊ သပြေကန်ရွာ၊ မကျက်ကြီးရွာ၊ သပြုရွာများသို့ ဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်သည်။

စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အနေးယာဉ် မြင်းလှည်း ၁၆စီး၊ ဆိုက်ကားအစီး ၁၁၀ရှိကာ အခွန်ငွေကျပ်၁၂သိန်းကျော် ကောက်ခံနိုင်ခဲ့ပြီး အဖွဲ့ပိုင် သားသတ်လုပ်ငန်း ၁၁ခု၊ ဈေးကိုးခု၊ အပေါင်ဆိုင်ခုနစ်ခု၊ ကူးတို့နှစ်ခု၊ ဆိပ်ကမ်းခွန် လေးခု၊ ပြင်ပဘီးခွန်ကောက်တစ်ခု စုစုပေါင်း အခွင့်အရေးလိုင်စင် ၃၄ခုအတွက် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)၊

ပဲတီစိမ်း

ကဝမြို့နယ်၌ အောင်မြင် ဖြစ်ထွန်း နေသည့် ပဲတီစိမ်းများ။
(မြန်မာ့အလင်း)

ကျေးလက်လမ်းများ

အဖွဲ့ပိုင်လမ်းပေါင်း ၂၃လမ်းနှင့် အဖွဲ့ပိုင် ကျေးလက်လမ်းပေါင်း ၂၅လမ်းရှိကာ ကျေးလက်ကတ္တရာလမ်း ၄ဖာလုံ၊ ဂဝံလမ်း ၁၈မိုင်ခန့်၊ မြေသားလမ်း ၆၈မိုင်ကျော်ရှိသည်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကဝ-ရှမ်းကန် ကျေးလက်လမ်းကို ဂဝံ လမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ရာ ငွေကျပ်သိန်း ၂၈၀ကျော် ရောင်းချရရှိခဲ့သဖြင့် ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ဆောင်ရွက်မှုသည် ကျေနပ်ဖွယ်ရာကောင်းသည့် ဆောင်ရွက်မှုဖြစ်ကြောင်း သတင်းမြင်ကွင်းခရီးကို ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ပဲခူးတိုင်း ကဝမြို့နယ်နှင့် ထုံးကြီးကျေးရွာသို့ ဆက်သွယ်ဆောက်လုပ်ထားသည့် ပဲခူးမြစ်ကူးတံတား (ကဝ)ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ခေတ်မီခရီးသည်ဆောင်

သာကေတဆိပ်ခံတံတားဝင်းအတွင်း ခေတ်မီခရီးသည်ဆောင် အဆောက်အအုံကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရသည်။

■ *ရှေ့ဖုံးမှ*

ယခုအခါ ကုန်းလမ်း၊ လေကြောင်းလမ်းများ ဖွံ့ဖြိုးတိုးတက်လာသော်လည်း ကမ်းရိုးတန်းရေကြောင်းခရီး ပို့ဆောင်ရေးလုပ်ငန်းအနေဖြင့် (က) ခရီးသည် အမြောက်အမြားကို တစ်ကြိမ်တည်းဖြင့် ပို့ဆောင်ပေးနိုင်ခြင်း၊ (ခ) ကုန်စည်အမြောက်အမြားကို တစ်ကြိမ်တည်းဖြင့် ပို့ဆောင်ပေးနိုင်ခြင်း၊ (ဂ) ကမ်းရိုးတန်းနေ မိဘပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ချမ်းမြေ့စွာ စီးနင်းလိုက်ပါနိုင်ခြင်း၊ (ဃ) ရေကြောင်းလုံခြုံမှု အပြည့်အဝဖြင့် စီးနင်းလိုက်ပါနိုင်ခြင်း၊ (င) အချိန်မှန် ထွက်ခွာ/ဆိုက်ရောက် နိုင်ခြင်းတို့ဖြင့် ကမ်းရိုးတန်းနေ မိဘပြည်သူများအား ပို့ဆောင်ပေးလျက်ရှိပေသည်။

ကမ်းရိုးတန်းခရီးအစ

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းအဖြစ် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် စစ်ဘက် ကုန်စည်ဖြန့်ချိရေး(Defence Service Institute)က ဗမာ့ကြယ်ငါးပွင့် သင်္ဘောကုမ္ပဏီလီမိတက် (Burma Five Star Line Co., Ltd.) ကို နိုင်ငံခြားသွား သင်္ဘောငါးစင်း၊ ကမ်းရိုးတန်းသွား သင်္ဘောနှစ်စင်းတို့ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။

နိုင်ငံတော်ပိုင် လိုင်းတစ်ခုဖြစ်သည့်အတွက် ပြည်ပကုန်စည် ပို့ဆောင်ရေးကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ခဲ့ပေသည်။ ၁၉၆၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ဗမာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် ရန်ကုန်အေဂျင်စီ

ချင်းတွင်းသင်္ဘော

ရန်ကုန် -မော်လမြိုင်- မြိတ်-ကော့သောင်းမြို့များသို့ ပြေးဆွဲလျက်ရှိသည့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ခေတ်မီခရီးသည်တင် ချင်းတွင်း သင်္ဘောသစ်ကြီးကို ဤသို့ တွေ့ရသည်။



လီမိတက်တို့ကို ပြည်သူပိုင်သိမ်းပိုက်ခဲ့ပြီး မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်းကို ဖွဲ့စည်းခဲ့သည်။

ပြောင်းလဲခေါ်ဝေါ်

၁၉၇၂ခုနှစ် မတ် ၁၅ရက်တွင် ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်းအဖြစ် ကိုယ်ပိုင်သင်္ဘော ၁၄စင်းဖြင့် ပြုပြင်ဖွဲ့စည်းခဲ့သည်။ ၁၉၈၉ခုနှစ် ဧပြီ ၁ရက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းအမည်ဖြင့် ပြောင်းလဲခေါ်ဝေါ်ခဲ့ပေသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် ကမ်းရိုးတန်းဒေသဖြစ်သည့် ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းခရီးစဉ်များ ပြေးဆွဲမှုကို ၁၉၆၁ ခုနှစ် ဩဂုတ်မှ စတင်ခဲ့ပေသည်။ ထိုစဉ်က ခရီးသည်နှင့် ကုန်စည်နှစ်မျိုးစလုံး တင်ဆောင်နိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံ ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး အဖွဲ့ပိုင်ဆိုင်သော ပင်လယ်ကူး ကုန်တင်သင်္ဘောသုံးစင်းဖြစ်သည့် ပြည်တော်ညွှန့်၊ ပြည်တော်အေးနှင့် အောင်ဇေယျ သင်္ဘောသုံးစင်းဖြင့် သယ်ဆောင်ပေးခဲ့ကြပေသည်။

နှစ်စဉ် တိုးတက်များပြားလာသော ကုန်စည်နှင့်ခရီးသည်များအား မြန်မာ့ကမ်းရိုးတန်းဒေသသို့ လုံလောက်စွာ သယ်ယူပို့ဆောင်နိုင်စေရန် ၁၉၇၉ ခုနှစ်တွင် နော်ဝေးနိုင်ငံမှ တည်ဆောက်ခဲ့သည့် တောင်ကြီး၊ မြစ်ကြီးနား၊ ဟားခါး သင်္ဘောသုံးစင်းအား ခရီးသည် ၃၁၅ဦး၊ ကုန်စည် တန် ၄၅၀ တင်ဆောင်နိုင်သော ခရီးသည်/ကုန်စည်တင် သင်္ဘောများအဖြစ် ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းတို့သို့ အားဖြည့် ပို့ဆောင်ပေးနိုင်ခဲ့သည်။

ကမ်းရိုးတန်းနေ မိဘပြည်သူများအနေဖြင့်လည်း ရန်ကုန်မှ ကုန်ပစ္စည်းများကိုသာ အားထားနေရသည့်အတွက် ခရီးသည်/ကုန်စည်များ လုံလုံလောက်လောက် ပို့ဆောင်နိုင်ရေးအတွက် စွမ်းအားပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

လက်မှတ်ရေးထိုး

ထို့အပြင် ကမ်းရိုးတန်းဒေသနေ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေ ချောမွေ့စေရေးအတွက် ကမ်းရိုးတန်းခရီးသည် ၄၄၀ တင်ဆောင်နိုင်သည့် သင်္ဘောနှစ်စင်းကို ဝယ်ယူတည်ဆောက်ရန် ယူနန်စက်မှု သွင်းကုန်၊ ထုတ်ကုန် ကော်ပိုရေးရှင်းနှင့် သင်္ဘောဝယ်ယူတည်ဆောက်ရေးစာချုပ်ကို ၁၉၉၆ခုနှစ် မေ ၁၁ရက်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။

သံလွင်သင်္ဘောကြီးသည် ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့မှ လွှဲပြောင်းရောက်ရှိခဲ့ပြီး ၂၀၀၀ပြည့်နှစ် မတ် ၅ရက်က ကမ်းရိုးတန်းခရီးစဉ်များ စတင်ပြေးဆွဲခဲ့သည်။ ချင်းတွင်းသင်္ဘောသစ်ကြီးသည်လည်း ၂၀၀၁ခုနှစ် ဇွန် ၉ရက်တွင် လွှဲပြောင်းရောက်ရှိခဲ့ပြီး ၂၀၀၁ခုနှစ် ဇွန် ၂၇ရက်မှစ၍ ကမ်းရိုးတန်းခရီးစဉ်များ စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။

ပုံမှန်ခရီးစဉ်များအပြင် အပျော်ခရီးစဉ်များ၊ စီမံကိန်းလုပ်ငန်းပို့ခရီးစဉ်များအဖြစ် လေအေးစက်များ ပြည့်စုံစွာဖြင့် ခရီးသည်များ စိတ်ချမ်းမြေ့မှုရရှိအောင် ပြေးဆွဲပေးလျက်ရှိပေသည်။ ကမ်းရိုးတန်းဒေသ ခရီးသည်/ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်ရန် ရန်ကုန်ဆိပ်ကမ်းရှိ ကျန်းမာရေးဇောတံတားတွင် ဆိုက်ကပ်အသုံးပြုရသည်။

သို့သော် ရန်ကုန်ဆိပ်ကမ်းအတွင်း ဆိပ်ခံတံတား မအားလပ်၍ သင်္ဘောများ စောင့်ဆိုင်းရခြင်း၊ ခရီးသည်တင်သင်္ဘောများ ခရီးသည် အတက်အဆင်း ပြုလုပ်ရန် ဆိပ်ကမ်းမှ ကုန်စည်သင်္ဘောများကို ခေတ္တခွာပေးရခြင်းတို့ကြောင့် ခရီးစဉ်ပြေးဆွဲမှုတွင် နှောင့်နှေးကြန့်ကြာရသဖြင့် လှိုင်မြစ်ကမ်းရှိ ရတနာဆီစက်ဟောင်းနေရာတွင် သစ်သားတံတားတည်ဆောက်၍ ၁၉၉၅ ခုနှစ် စက်တင်ဘာ ၂၇ရက်မှ စတင်ပြီး ကုန်တင် ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခဲ့ပေသည်။ ၁၉၉၇ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် သာကေတ ဆိပ်ခံတံတားသစ်ကြီးသို့ ပြောင်းရွှေ့ပြီး သင်္ဘောများဆိုက်ကပ်ခဲ့သည်။

သာကေတဆိပ်ခံတံတားသစ်ကြီး

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကျေးလက်ဒေသများပါမကျန် ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးနှင့် ကမ်းရိုးတန်းဒေသများပါ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အကြီးအကဲများ၏ စေတနာဖြင့် သာကေတဆိပ်ခံတံတားသစ်ကြီးကို ဆောက်လုပ်ရန် စတင်ခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းသည် မြန်မာနိုင်ငံ၏ ပြည်ပ သွင်းကုန်/ပို့ကုန်၏ ၉၀ ရာခိုင်နှုန်းကို ကိုင်တွယ်လျက်ရှိပေသည်။ ယခုအခါ နိုင်ငံတော်၏ ပြည်ပ ပို့ကုန်/သွင်းကုန်ပမာဏသည် တစ်ဟုန်ထိုး တိုးမြင့်လာသည့်အတွက် ရန်ကုန်ဆိပ်ကမ်း၏ လက်ရှိဆိပ်ခံတံတားအရေအတွက်နှင့် မျှတမှုမရှိဘဲ သင်္ဘောများပြည့်ကျပ်မှုနှင့် ဆိပ်ကမ်းနေရာရရှိရေးအတွက် စောင့်ဆိုင်းရမှုများ ကြုံလာရပေသည်။ ထို့ကြောင့် ကုန်တင်ကုန်ချလုပ်ငန်းများအတွက် ဆိပ်ကမ်း တွင် သင်္ဘောများ စောင့်ဆိုင်းနေရသည့် အခက်အခဲများ မပေါ်ပေါက်စေရေး အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတားသည် ရန်ကုန်မြို့ သာကေတမြို့နယ် ပဲခူးမြစ်ကမ်းနားတည်နေရာ မြောက်လတ္တီတွဒ်၁၆ဒီဂရီ ၄၇မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၂ဒသမ၆မိနစ်တစ်ဝိုက် ဧရိယာ ၃၃ဒသမ၂၅၇ ဧကပေါ်တွင် တည်ဆောက်ခဲ့ပြီး ဆိပ်ခံတံတား၏ အလျားမီတာ၂၂၀ အနံ ၁၉ဒသမ၅မီတာ၊ ရေစူး ၅ဒသမ၇၅မီတာရှိပြီး အလျား မီတာ ၁၀၀ အရှည်ရှိ၍ သင်္ဘောနှစ်စင်း တစ်ပြိုင်တည်းဆိုက်ကပ် ကုန်တင် ကုန်ချ ဆောင်ရွက်နိုင်သော ခေတ်မီဆိပ်ခံတံတားကြီး ဖြစ်ပေသည်။

စစ်ဆေးဆောင်ရွက်

သာကေတဆိပ်ခံတံတားဝင်းအတွင်း ခေတ်မီခရီးသည်ဆောင်အဆောက်အအုံကြီးကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။ခေတ်မီခရီးသည်ခန်းမဆောင်ကြီးသည် အကျယ်အဝန်းအားဖြင့် ၂၀၀၈၃ စတုရန်းပေ ကျယ်ဝန်းပြီး ခရီးသည် ၁၀၀၀ဆံ့ ခန်းမကျယ်ကြီးဖြစ်သည်။ ခန်းမကြီးအတွင်း၌ လူဝင်မှုကြီးကြပ်ရေးအဖွဲ့၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြားပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျနေရာချထား၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကုန်လှောင်ရုံမှာ အကျယ်အဝန်းအားဖြင့် စတုရန်းပေ ၂၅၀၀၀ ကျယ်ဝန်းပြီး သင်္ဘောပေါ်တင်ဆောင်မည့် ကုန်စည်များအား လုပ်ထုံးလုပ်နည်းနှင့်အညီစစ်ဆေး၍ မှန်ကန်မြန်ဆန်စွာ တင်ဆောင်နိုင်ရေး ဆောင်ရွက်ပေးလျက် ရှိသည်။ ၎င်းနောက် ခေတ်မီကွန်တိန်နာအလွတ် လွင်ပြင်ကြီး ထားရှိပြီး အကျယ်အဝန်းအားဖြင့် ၂၃၅၇၆၅ စတုရန်းပေရှိပြီး သုံးလုံးထပ် ကွန်တိန်နာ လုံးရေ ၂၀၀၀ကျော် ထားသိုထိန်းသိမ်းလျက်ရှိပြီး နိုင်ငံတော်ဝင်ငွေ ရှာဖွေပေးလျက် ရှိပေသည်။

ခရီးသည်များ အပန်းဖြေကြည့်ရှုနိုင်ရန်အတွက် ငါးရုပ်ရေကန်ကိုလည်း လှပသေသပ်စွာ ဖန်တီးထားရှိသည်ကို တွေ့မြင်ရသည်။ ထို့အပြင် ရုံးအဆောက်အအုံများ၊ စတိုများ၊ မီးစက်နှင့် ဆိပ်ခံတံတားအတွင်း ကွန်ကရစ်လမ်းများဖြင့် ခင်းထားပြီး လမ်းတစ်လျှောက်တွင် ၁၂ဒသမ၅ ဧက ကျယ်ဝန်းသော ငါးမွေးမြူရေး ကန်များ၊ အရိပ်ရလေကာပင်များ၊ စားပင်သီးပင်များဖြင့် စိမ်းလန်းစိုပြည်စွာ တွေ့မြင်နိုင်ပေသည်။

မြန်မာ့ကမ်းရိုးတန်းခရီးစဉ် ပြေးဆွဲမှု

ရခိုင်ကမ်းရိုးတန်းခရီးစဉ်အဖြစ် တစ်လလျှင် ပုံမှန်အားဖြင့် ခရီးစဉ်တစ်ခေါက်ပြေးဆွဲပြီး သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေ ဆိပ်ကမ်းများကို ပြေးဆွဲလျက်ရှိပေသည်။ ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလမှ ဧပြီလကုန်အထိ ကိုကိုးကျွန်းသို့ ကုန်စည်တင်သင်္ဘောများဖြင့် ဝင်ရောက်ပြေးဆွဲပေးလျက်ရှိပေသည်။ တနင်္သာရီ ကမ်းရိုးတန်းခရီးစဉ်အဖြစ် တစ်လလျှင် ခြောက်ခေါက်ပြေးဆွဲပြီး ထားဝယ်၊ မြိတ်၊ ကော့သောင်း ဆိပ်ကမ်းများကို ပြေးဆွဲပေးလျက်ရှိသည်။

ခရီးသည်ပို့ဆောင်ရေးတွင် ခရီးသည်နှင့် ကုန်စည်များပါ တစ်ပါတည်း ပို့ဆောင်နိုင်သော တောင်ကြီး၊ မြစ်ကြီးနား၊ ဟားခါး သင်္ဘောများဖြင့် ပြေးဆွဲလျက်ရှိပြီး ရာသီဥတုကောင်းမွန်ချိန်တွင် ခရီးသည် ၃၁၅ဦးနှင့် ရာသီဥတု ဆိုးရွားချိန်တွင် ခရီးသည် ၁၀၄ဦး တင်ဆောင်ပြေးဆွဲလျက်ရှိသည်။ ၎င်းအပြင် ခေတ်မီခရီးသည်တင်သင်္ဘောနှစ်စင်းဖြစ်သော သံလွင်၊ ချင်းတွင်း သင်္ဘောသစ်ကြီးနှစ်စင်းဖြင့် ခရီးသည် ၄၄၀ တင်ဆောင်၍ ရန်ကုန်၊ မော်လမြိုင်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ပြေးဆွဲပေးလျက် ရှိပေသည်။

ငှားရမ်းပြေးဆွဲ

ထို့အပြင် သံလွင်၊ ချင်းတွင်း သင်္ဘောနှစ်စင်းဖြင့် အပျော်စီးခရီးစဉ်လည်း ပြေးဆွဲလျက်ရှိရာ သင်္ကြန်ကာလ၊ Happy New Year ကာလများတွင် ခရီးသည်များ တပျော်တပါး ခရီးသွားများအဖြစ် ငှားရမ်းပြေးဆွဲ ဆောင်ရွက် ပေးလျက်ရှိပေသည်။

ကုန်စည်ပို့ဆောင်ရေးအနေဖြင့် ဌာနဆိုင်ရာ ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကကုန်ပစ္စည်းများကို ခရီးသည်နှင့် ကုန်စည်ပါ တင်ဆောင်နိုင်သော တောင်ကြီး၊ မြစ်ကြီးနား၊ ဟားခါး သင်္ဘောသုံးစင်းဖြင့် တစ်စင်းလျှင် တန်၄၅၀စီ တင်ဆောင်၍လည်းကောင်း၊ ကုန်စည်သီးသန့်တင်သော သင်္ဘောများဖြစ်သည့် ကုန်တန် ၅၀၀ တင်ဆောင် နိုင်သော လားရှိုး၊ လှိုင်ကော်နှင့် ကုန်ချိန် ၁၀၀၀ တင်ဆောင်နိုင်သော ထုံးရှာ၊ ရွှေလီ၊ သင်္ဘောများဖြင့် ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိပေသည်။

ယခုအခါ ကမ်းရိုးတန်းနေ ပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ခရီးသည်သီးသန့် လေအေးပေးစက်ပါသော အဆင့်မြင့်အပျော်စီး သင်္ဘောနှစ်စင်း၊ ခရီးသည်/ကုန်စည်သယ်ပို့နိုင်သော သင်္ဘောကြီးသုံးစင်းနှင့် ကုန်သင်္ဘောလေးစင်း စုစုပေါင်းကိုးစင်းဖြင့် ပြေးဆွဲပေးလျက်ရှိပေသည်။

ကမ်းရိုးတန်းခရီးစဉ်

သာကေတဆိပ်ခံတံတားအတွင်း ပူးပေါင်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် အခြားပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက် လျက်ရှိပေသည်။ ခရီးသည်များ စည်းကမ်းတကျသွားလာနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ ခရီးသွားလာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွားလာနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပေသည်။ ကုန်စည်များပို့ဆောင်ရေးအတွက်လည်းသတ်မှတ်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျရှိစေရေး အတွက် အကောက်ခွန်ဦးစီးဌာနမှအဖွဲ့ဖြင့် အနီးကပ်ကြပ်မတ်ကွပ်ကဲလျက်ရှိသည်။

အဆိုပါ အဖွဲ့အသီးသီးမှ ကြပ်မတ်စစ်ဆေးပြီး ခရီးသည်နှင့် ကုန်စည်များအား ဝင်ငွေအပြည့်အဝ ကောက်ခံရရှိစေရေးအတွက် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ စစ်ဆေးကောက်ခံလျက် ရှိပေသည်။ ကမ်းရိုးတန်း ခရီးစဉ်များပို့ဆောင်ရာတွင် ကမ်းရိုးတန်းနေခရီးသည်များအား ပို့ဆောင်ပေးသကဲ့သို့ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စားနပ်ရိက္ခာများပို့ဆောင်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးပစ္စည်းများ ပို့ဆောင်ခြင်းတို့လည်း ဆောင်ရွက် ပေးလျက်ရှိသည်။

နိုင်ငံတော်ဝင်ငွေ

ခရီးသည် လက်မှတ်ရောင်းချမှုတွင်လည်း မှောင်ခိုလက်မှတ် ပပျောက်စေရေးအတွက် စီမံချက်များ ရေးဆွဲ၍ အမှန်တကယ်ခရီးသွားလိုသူ ကမ်းရိုးတန်းနေခရီးသွား ပြည်သူများသို့ တိုက်ရိုက်ရောင်းချပေးလျက် ရှိကြောင်း၊ ကုန်တင်ဆောင်မှုများမှာလည်း စနစ်တကျရှိစေရေး ဌာနဆိုင်ရာ အဖွဲ့အလိုက် နိုင်ငံတော်ဝင်ငွေ တိုးတက်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကမ်းရိုးတန်း ခရီးစဉ်အနေဖြင့် နှစ်စဉ်ခရီးသည်ဦးရေ ၆၀၀၀၀ ကျော်နှင့် ကုန်စည်တန်ချိန် ၁၁၀၀၀၀ခန့် ပို့ဆောင်ပေးလျက်ရှိပြီး နိုင်ငံတော် ဝင်ငွေတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူများစိတ်လက်ချမ်းမြေ့စွာ သွားလာနိုင်စေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တောင်ကြီး သင်္ဘော

ခရီးသည်နှင့်ကုန်စည်များပါ တစ်ပါတည်းပို့ဆောင်ပေးနိုင်သော တောင်ကြီးသင်္ဘောကို ဤသို့ တွေ့ရသည်။

● *ကျောဖုံးမှ*

သို့ရာတွင် ဝမ်ချိုင်း၏ လက်သီး ပါဝါက ယခင်အနေအထားမျိုး ပြန်မရ သေးသည့်အတွက် ရွှေဝါထွန်း ချက်ချင်း ပြန်ထနိုင်ခဲ့သည်။ ဝမ်ချိုင်းက လက်သီး တွဲလုံးနှင့် ခြေကန်တွဲ၍ သဲသဲမဲမဲ တိုက်စစ်ဖွင့်ရာ ရွှေဝါထွန်းက Back

ထွန်းထွန်းကို စိန်ခေါ်ပြီး လက်ဝှေ့တန်းမြှင့်မယ့် စောဂပရေမှူး။ (မြန်မာ့အလင်း)

Step, Side Step များဖြင့် ရှေ့ လျားကာ ဘယ်ထောက် ညာဖြတ် လက်သီးများ၊ ပင့်ဒူးများ၊ တားခြေများဖြင့် ခံစစ်ဆင် နေရသည်။ ရုံခါတွင် နောက်မဆုတ်တမ်း ရင်ဆိုင်၍ လက်သီးတွဲလုံး သုံးပြန်စာ ဆိုင်ထိုးကြသည်များပင်ရှိရာ ပရိသတ်၏ တစ်ခဲနက်သြဘာပေးမှုကို ရရှိခဲ့သည်။

သက်လုံ

နှစ်ချီလုံးလုံး မရပ်မနား တိုက်စစ် ဖွင့်သူ ဖိုက်တာသမားဝမ်ချိုင်းက တတိယ အချီအရောက်တွင် ကောင်တာသမား ရွှေဝါထွန်းထက်ပို၍ သက်လုံလျော့ဟန် ရှိလာသည်။ ထိုအခါ ရွှေဝါထွန်းက ဇက်ပိုးချုပ်၍ ဒူးတိုက်ရန် ကြိုးပမ်းသည်။ ဝမ်ချိုင်းကလည်း ဖိုက်တာပီပီထိုင်ချခြင်း၊ ဝပ်ချခြင်း မပြုလုပ်ဘဲ ရွှေဝါထွန်း ချုပ်ဆွဲ ထားသည့်ကြားမှ ဒူးချင်း ဆိုင်တိုက် သည်။ နံဘေးကို ဝိုက်လက်သီးထိုးသည်၊ ပင့်လက်သီးထိုးသည်။ ရွှေဝါထွန်းက လည်း ချုပ်သိုင်းပိုင်ရင် လုပ်တိုင်းနိုင်တယ် ဟူသော စာဆိုနှင့်အညီ ဇက်ပိုးကို အပိုင် ချုပ်၍ တစ်ချက်ကောင်းဒူးတိုက်ရန် ခြေ ကို နောက်သို့ ကျားကန်အားယူရင်း ဒူး တိုက်ခွင့်မသာမီ ဝမ်ချိုင်းက ဘယ်ဝိုက် လက်သီးဖြင့်ထိုးရန် ခေါင်းအငိုက် ရွှေဝါ ထွန်းက ငယ်ထိပ်ကိုအပင့်၊ နှစ်အားပေါင်း ထိချက်၌ ဝမ်ချိုင်း ဘယ်ဘက်မျက်ခုံး အောက် ကွဲထွက်ကာ သွေးများယိုစီးကျ လာပြီး ဆေးရှုံး ရှုံးသွားရခြင်းဖြစ်သည်။

မကျေပွဲ

ယခု မျှော်စင်ကျွန်းမှ လက်သီးပွဲက ဝမ်ချိုင်းအတွက် မကျေပွဲဖြစ်သကဲ့သို့ အပင်ပန်းခံ ဝိတ်ချကာ ရိုးရာလက်ဝှေ့ လောကသို့ တတိယအကြိမ် တစ်ကျော့ ပြန်ဝင်ရောက်ခြင်း အစဦးပွဲလည်း ဖြစ်ပေ ရာ ဂုဏ်သိက္ခာအတွက် လက်ကုန်ရုန်းရ ပေလိမ့်မည်။ ရွှေဝါထွန်းကလည်း အသက် ကြီးပေမယ့် လက်သီးက မပျက်စီးသေး ကြောင်း ပြီးခဲ့သည့် ဒီဇင်ဘာလက နယ်စပ် ဒေသ ဝေါလေမြိုင်တွင် မွေထိုင်း လက် ဝှေ့သမား အဖုန်းကို အလဲထိုး၊ တောင် ကလေး ကရင်နှစ်သစ်ကူးတွင် ဇာနည် ဆင်ရိုင်းကို အကွဲထိုးခြင်းများဖြင့် သက် သေပြခဲ့သောကြောင့် သူတို့နှစ်ဦး ဒုတိယ အကြိမ် ပြန်ဆုံသည့် ယခုပွဲက အချီတိုင်း အချိန်ပြည့် လက်သီးမုန်တိုင်းဆင်မည် ထင်သည်။ ထိုသို့ ပညာရှိသလောက်၊ အစွမ်းရှိသလောက် အိတ်သွန်ဖာမှောက် ရုန်းနိုင်ရန်အတွက် သူတို့ပွဲကို သုံးချီသာ ထိုးသတ်ရန် စီစဉ်ထားကြောင်း သိရသည်။

ကြိုးဝိုင်းသမ္ဘာ

အဓိက စိန်ခေါ်ပွဲကြီးတစ်ပွဲဖြစ်သည့် စောဂပရေမှူးနှင့် ထွန်းထွန်းတို့ပွဲကတော့ ဝိတ်တန်းကြီးကာ ပါဝါမြင့်သော်လည်း ဝါနုသူနှင့် ဝိတ်တန်း ငယ်သော်လည်း ကြိုးဝိုင်း သမ္ဘာရင့်သူတို့ ဆုံကြသည့်ပွဲ ဖြစ်သည်။ ထွန်းထွန်းက နယ်စပ်ဒေသ

စောဂပရေမှူးကို စာသင်ဖို့ ကြိုးဝိုင်းထဲဝင်လာတယ်ဆိုတဲ့ ထွန်းထွန်း။ (မြန်မာ့အလင်း)

မြဝတီမြို့မှ ဆရာကြီးဦးသန်းရွှေ (ကျွဲမင်း) ၏ တပည့်ဖြစ်ပြီး ဆရာကြီး၏ သားဖြစ်သူ ကျော်စွာ (ခ) ရှမ်းသွေးလေးနှင့်လည်း ကောင်း၊ တပည့်ဖြစ်သူ ဝမ်ချိုင်းနှင့် လည်း ကောင်း တွဲဖက်လေ့ကျင့်ကာ ပွဲပေါင်း များစွာ အတူတကွ လိုက်လံထိုးသတ်ခဲ့ ဖူးသည်။ ထိုင်းနိုင်ငံ မဲဆောက်၊ ရဟိုင်း ဒေသများ၌ မွေထိုင်းတို့နှင့် ပွဲပေါင်းများစွာ ထိုးသတ်ခဲ့ဖူးသည်။ တက္ကသိုလ်ဘွဲ့ရ လက်ဝှေ့သမားပီပီ ပြိုင်ဘက်၏ လက်သီး လမ်းကြောင်းကို တွက်ဆ၍ ကောင်တာ ပြန်ထိုးပုံသပ်ရပ်ကောင်းမွန်သည်။သွေးအေး တည်ငြိမ်သည်။ အထူးသဖြင့် ညာမွဲရိုးဖြင့် နံဘေးဖြတ်ကန်ချက်က တိကျပြင်းထန် သည်။ ၎င်း၏ထိုကန်ချက်ကြောင့် ပြိုင်ဘက် နံရိုးနိမ့်သွားသည်များပင်ရှိသည်။

အတွေ့အကြုံ နုသော်လည်း

စောဂပရေမှူးက ကြိုးဝိုင်း အတွေ့ အကြုံနုသေးသော်လည်း လက်ရှိရိုးရာ လက်ဝှေ့လောကတွင် လက်သီးတွဲ မြန်ဆန် စူးနစ်မှုနှင့် ပတ်ခြေကန်ချက် ပြင်းထန်မှုက

နာမည်နှင့်လိုက်အောင် လီဗာကုန် ရုန်းတတ်သည့် ဒေါ်ဂျစ်။(မြန်မာ့အလင်း)

ပထမတန်းရှိနေသည်။ ဆိုရလျှင် စောဂပ ရေမှူး၏ လက်သီးထွက်နှုန်း ကောင်းမွန်မှု နှင့် ခြေကန်ချက်ပါဝါ ပြင်းထန်မှုက သူနှင့် လုံးတူဒေါက်တူဖြစ်သော လုံးချောထက်ပင် ကောင်းမွန်ကြောင်း လေ့လာသုံးသပ်သူ များက ပြောကြားသည်။ ထို့ကြောင့် ထွန်းထွန်းနှင့် စောဂပရေမှူးတို့ပွဲက ပညာ နှင့် ပါဝါအားပြိုင်ပွဲဟု ဆိုရပေမည်။

တွဲလုံးအတို အသွက်

ကျန်တွဲဆိုင်းများ၏ အနေအထား သည်လည်း တစ်တွဲချင်း သုံးသပ်ရလျှင် ပြောစရာ တစ်ပုံတစ်ပင် ရှိနေသည်။ စစ် အောင် (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် မိုက်ခဲ ကျောက်ပွင့်(မြန်မာပြည်သား) တို့သည် မြိုင်ကြီးငူ အထူးဒေသတွင် ဒီဇင်ဘာလက တွေ့ဆုံခဲ့ကြပြီး တတိယအချီ၌ စစ်အောင် က တွဲလုံးအတိုအသွက်များဖြင့် အလဲထိုး ထားသော ရာဇဝင်ရှိသည်။ ဝမ်းတူးနှင့် မိုးသီး တို့ကတော့ ၂၀၀၆ ခုနှစ် ရွှေကုက္ကို မြိုင်ဒေသတွင် ယှဉ်ခဲ့ကြစဉ်က ဆရာကြီး ဦးဗိုစိန်၊ ဆရာဦးကျော်သိန်းတူ၊ ဆရာကျား သစ်ရဲအောင်တို့ကဲ့သို့သော ဝါရင့်လက်ဝှေ့

မိုက်ခဲကျောက်ပွင့်ကို မြိုင်ကြီးငူ မှာ တတိယအချီနဲ့ အလဲထိုးခဲ့တဲ့ စစ်အောင်။ (မြန်မာ့အလင်း)

သမားဟောင်းကြီးများကပင် "ကောင်း လိုက်တဲ့ပွဲကွာ" ဟု လက်များခါခဲ့ရသော တွဲဆိုင်းဖြစ်သည်။

စိတ်ဝင်စားဖွယ်

မိုးသီးကို တောင်ကလေးတွင် နှစ်ချီ နှင့် အလဲထိုးခဲ့သော တက်သစ်စလူငယ် လက်ဝှေ့သမား စိုးလင်းဦး (တောင် ကလေး)နှင့် ကျော်ခေါက်(ဒေါင်းမြန်မာ) တို့ပွဲကလည်း သရေမကျနိုင်ဟု နှစ်ဖက် စလုံးမှ နည်းပြများက အာမခံထားသည့် တွဲဆိုင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်ကတည်းက ပြည်နယ်/တိုင်း ရွှေတံဆိပ်နှင့် အကောင်း ဆုံးလက်ဝှေ့သမားဆုကို ရရှိခဲ့ဖူးသူ ကိုရီး ယားပြန် ဒေါ်ဂျစ်(လယ်ယာ/ဆည်မြောင်း) က ယခုပွဲတွင် သူ့ထက်အလုံးအရပ်သာ သည့်ပြင် မြိုင်ကြီးငူပွဲ၌ အောင်လံရရှိ ထားခဲ့သူ နိုင်ထူးလွင်(တောင်ကလေး)ကို မည်သို့ ရင်ဆိုင်သွားမလဲဆိုတာ စိတ်ဝင် စားစရာ ပုစ္ဆာတစ်ပုဒ်ဖြစ်နေသည်။

၂၀၀၈ခုနှစ် ပြည်နယ်၊ တိုင်းလက်ဝှေ့ ပြိုင်ပွဲတွင် ရွှေတံဆိပ်သာမက အကောင်း ဆုံး လက်ဝှေ့သမားဆုကိုပါရရှိသူ အောင် ပိုင်လေး(ရက္ခဘုလ)က အမြင့်ပျံ ပတ်ခြေ ကန်ချက်များ ကောင်းမွန်သကဲ့သို့ ၎င်းနှင့် ရင်ဆိုင်မည့် ဆက်ထူးအောင်(တောင် ကလေး)က ဒေါင်ဗလာဒူး ကောင်းမွန်သည်။ ထိုးပေါက်စုံလင်သော အောင်ပိုင်လေးက မာဂုဏ်မြင့်သော ဆက်ထူးအောင်ကို မလဲ မချင်း အသည်းချင်းပေါက်နိုင်မည်လား ဆိုသည်က သူတို့ပွဲကို အဖြေထုတ်ပြပါ လိမ့်မည်။

တောင်ကလေးကလပ်မှ တက်လူ ငယ် ပြည်နယ်၊တိုင်းရွှေတံဆိပ်ရှင် ရန်ဆက် နိုင်နှင့် အသားမည်းသလောက် အသည်းမာ ပြီး ကျွဲရိုင်းခတ်သည့်နှယ် အတင်းဝင် အတင်းထိုးတတ်သူ ပြည်နယ်၊တိုင်း ရွှေတံ ဆိပ်ရှင် ရှုမဝ(ဒေါင်းမြန်မာ)တို့ပွဲကရထား နှစ်စင်း ခေါင်းချင်းဆိုင်ဆောင့်သည့်နှယ် ရှိပါလိမ့်မည်။

အကဲစမ်းမည့်

တိုးတိုး(သထုံ)က ရွှေဝါထွန်း နှင့် ပါလာမည့် လက်ဝှေ့သမားဖြစ်သည်။ သူ့ကိုအကဲစမ်းမည့်သူက ပြည်နယ်၊ တိုင်း ရွှေတံဆိပ်ရခဲ့ပြီး လက်သီးချင်းယှဉ်ရလျှင် နှုတ်ခမ်းပင် ဂဠုန်နှုတ်သီးဖြစ်ပါစေ နောက် မဆုတ်ဘဲ မျက်နှာသွေးရဲအောင် အသည်း ကောင်းသည့် စနေထွန်း(မြန်မာသွေးသစ်) ဖြစ်သည်။

ပထမဆုံးအဖွင့်ပွဲ ယှဉ်ပြိုင်မည့်ပွဲက သားစန်းနိုင်(ဆင်မင်း)နှင့် လှစ်လှစ်လေး (သူရဲကောင်း)တို့ပွဲဖြစ်သည်။ လှစ်လှစ်လေး ဆိုသည်မှာ ပြီးခဲ့သည့် တစ်ပတ်က သုဝဏ္ဏ ပြိုင်ပွဲရုံတွင် ဝမ်ချွန်း(မိုးသောက်ကြယ်) ကို တတိယအချီ၌ အလဲထိုးခဲ့သော ရဲရဲ တောက် လက်ဝှေ့သမားလေးဖြစ်သည်။ သူ့ကိုယှဉ်မယ့် သားစန်းနိုင်က ရှားရှား ပါးပါး အထက်မြန်မာပြည် မုံရွာမြို့မှ ပေါ်ထွက်လာသော လက်ဝှေ့သမားလေး ဖြစ်သည်။ ဖခင်ဖြစ်သူ လက်ဝှေ့ကျော် မန်းစန်းနိုင်၏ အပ်နှံမှုအရ ပထမတန်း

မြိုင်ကြီးငူမှာ ရှုံးကြွေးကို အတိုး အရင်းပေးဆပ်မယ့် မိုက်ခဲကျောက် ပွင့်။ (မြန်မာ့အလင်း)

လက်ဝှေ့ကျော်ဟောင်း အောင်အောင်ထွန်း တည်ထောင်သော ဆင်မင်းကလပ်တွင် ပညာသင်ရင်း ပွဲလိုက်ယှဉ်နေသူဖြစ်သည်။ ပြီးခဲ့သည့် မုဒုံမြို့ မြိုင်ကုန်းကျေးရွာ ဝင်းစိန် ဆရာတော်မွေးနေ့ပွဲတွင် နယ်ခံနာမည် ကျော် ယုန်သားလေး(မုဒ္ဒုံ)ကို ဘယ် ထောက်လက်သီး၊ ညာပတ်ခြေ၊ ညာကန့် လန့်ဒူး၊ ဘယ်ညာတွဲလုံးများဖြင့် အကြိမ် ကြိမ် လဲကျစေပြီး အစီးသရေ ထိုးသတ်ခဲ့ သည်။ လူသာငယ် အစွယ်ချွန်၍ အဆိပ် ပြင်းသော သူတို့ပွဲက ပွဲစဉ်တစ်လျှောက် လုံး၏ အကောင်းဆုံးပွဲလည်း ဖြစ်သွား နိုင်သောကြောင့် ပွဲလာ နောက်မကျဖို့တော့ လိုမည်ထင်သည်။

အထက်ပါပွဲများအတွက် ဝင်ကြေး ကျပ် ၆၀၀၀၊ ကျပ် ၃၀၀၀ သတ်မှတ်ထား သည်။ဇော်ပစ်တိုင်းထောင်ဗီဒီယို ၃၅ လမ်း (အလယ်ဘလောက်) ဖုန်း-၃၈၇၆၅၀၊ ၀၉-၅၁-၂၉၂၄၄ တို့၌ ကြိုတင်လက်မှတ် များရောင်းချပေးနေပြီး အထူးတန်းကြိုတင် လက်မှတ်ဝယ်ယူသူများကို မြန်မာ့ရိုးရာ လက်ဝှေ့ဗွီစီဒီတစ်ချပ် မေတ္တာလက်ဆောင် ပေးမည်ဟုလည်း သတင်းစကား ကြားသိရ ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာဂြိုဟ်အရွယ်အစားနှင့် ကြယ်တာရာများ၏ အကွာအဝေး ကီပီလာအဏုကြည့်မှန်ပြောင်းဖြင့် လေ့လာနိုင်ပြီ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

ကမ္ဘာဂြိုဟ်၏ အရွယ်အစားနှင့် ကမ္ဘာနှင့် အာကာသအတွင်းရှိ ကြယ်တာရာ တို့၏ အကွာအဝေးကို လေ့လာသိရှိနိုင်ရန် အာကာသအဏုကြည့်မှန်ပြောင်းသစ် တစ်ခုနှင့် ရှာဖွေသုတေသနပြုရေး နာဆာက စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ကွဲပြား

ကမ္ဘာဂြိုဟ်၏အရွယ်အစားကို ယခင်က အမျိုးမျိုးသော သုတေသနပညာ ရှင်များက ထုတ်ဖော်သုတေသနပြုခဲ့ကြရာတွင် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန် အမျိုးမျိုး ကွဲပြားခဲ့ကြသည်။



အတိအကျ

ယခုအခါ နာဆာသုတေသနပညာရှင်များက ကမ္ဘာဂြိုဟ်၏ အရွယ်အစား အတိအကျ သိရှိနိုင်ရေးနှင့် အခြားသော ထူးခြားသည့် အာကာသတွင်းဖြစ်ရပ် များကို အတိအကျ မှတ်တမ်းတင်နိုင်ရေးအတွက်လည်း အာကာသအဏုကြည့် မှန်းပြောင်းသစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

ကြယ်တာရာအစုအဝေးများသည် အာကာသအတွင်း ထူးခြားဆန်းကြယ်သော ဖွဲ့စည်းမှုများဖြင့် ဖြစ်တည်လျက်ရှိရာ ကီပီလာအမည်ရှိ အာကာသအဏုကြည့် မှန်ပြောင်းဖြင့် နာဆာအဖွဲ့က လေ့လာသုတေသနပြုနိုင်မည်ဖြစ်သည်။

မှတ်တမ်းတင်

ကီပီလာအမည်ရှိ အဏုကြည့်မှန်ပြောင်းဖြင့် လေ့လာရှာဖွေခြင်း အစီအစဉ်ကို သုံးနှစ်ခွဲကြာကာလအတွင်း စီမံကိန်းချကာ မှတ်တမ်းတင်သွားမည်ဖြစ်ပြီး ဓာတ်ပုံ များနှင့်တကွ ထုတ်ပြန်ပေးသွားနိုင်မည်ဖြစ်သည်။

ကီပီလာအမည်ရှိ အာကာသအဏုကြည့်မှန်ပြောင်းတွင် မီဂါပီဆယ် ၉၅ ရှိ ကင်မရာတစ်လုံး တပ်ဆင်ထားမည်ဖြစ်ပြီး ကမ္ဘာဂြိုဟ်နှင့် ကြယ်တာရာတို့ အနေအထား အသေးစိတ်မှတ်တမ်းတင်နိုင်မည် ဖြစ်သည်။

ပြန်လည်ပေးပို့

ကီပီလာအဏုကြည့်မှန်ပြောင်းကို အာကာသအတွင်းသို့ ၂၀၀၉ ခုနှစ် မတ် ၅ရက်တွင် စတင်လွှတ်မည်ဖြစ်သည်။ ဂြိုဟ်တုတစ်လုံးနှင့်အတူ လွှတ်တင်မည့် ကီပီလာအာကာသအဏုကြည့်မှန်ပြောင်းမှ မြင်တွေ့သိရှိရသည့် သတင်းအချက် အလက်နှင့် ဓာတ်ပုံများကို မြေပြင်စခန်းသို့ ချက်ချင်းပြန်လည်ပေးပို့မည်ဖြစ်သည်။

နေ့စဉ်ပေးပို့

နေ့စဉ်သတင်းဓာတ်ပုံများပေးပို့မည်ဖြစ်သလို သီတင်းပတ်တိုင်းနှင့် လစဉ် တိုင်းလည်း စုစည်းကာ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

အာကာသအတွင်း၌ နေအဖွဲ့အစည်းအပြင် ဂြိုဟ်နှင့် ကြယ်တာရာအကြီးစား များ ၃၃၀ ကျော် ပါဝင်လျက်ရှိကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြား သည်။ *(အင်တာနက်)*

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ ညီလာခံဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

(၁၇)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲ က မြန်မာနိုင်ငံဆရာဝန်များအသင်း ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြား ရေးမှူးချုပ်ဦးဝင်းမြင့်၊ မြန်မာနိုင်ငံဆရာဝန် များအသင်းဥက္ကဋ္ဌပါမောက္ခကျော်မြင့်နိုင်၊ နား၊ နှာခေါင်း၊ လည်ချောင်းဆရာဝန်များ အသင်းဥက္ကဋ္ဌ ဒေါက်တာဇော်မင်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်သည် ပြသထားသော မှတ်တမ်းတင်ဓာတ်ပုံများ ကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဖဲကြိုးဖြတ်

ဆက်လက်၍ ခေတ္တညွှန်ကြားရေး မှူးချုပ်သည် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ဆေးအရောင်းပြခန်း ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးအရောင်း ပြခန်းများ လှည့်လည်ကြည့်ရှုအားပေးခဲ့ သည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၅-၂-၂၀၀၉ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အကပဒေသာ
၈း၀၀ ၆။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၀ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၅ ၄။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၄၀ ၅။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၅း၃၅ ၈။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅ ၉။ **ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ** (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **ဦးစိုက်နောက်ပြန်** (အပိုင်း-၂) စိုးရန်အောင်၊ ဇော်ဇော်အောင်၊ နန်းဆုရတီစိုး (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၅၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၄၉)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာရုပ်ရှင် **အဖေတစ်ခု သားတစ်ခု** စိန်မြင့်၊ ဇော်လင်း၊ ဆွေဇင်ထိုက်၊ အောင်ထွန်းလေး (ဒါရိုက်တာ-မောင်နန္ဒ) (အပိုင်း-၁)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် ရတနာပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဇန်နဝါရီလ ၁၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၂ ရက်နေ့အထိ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ရင်ငွေ့လှူ ကိန်းဝပ်ပူဇော်ခံပြီး ဖြစ်ပါသည်။

အလားတူ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ စတင်၍ မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၌ ရင်ငွေ့လှူ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။

ပူဇော်လှူဒါန်းလိုသူ အလှူရှင်များသည် မန္တလေးမြို့၌ ရင်ငွေ့လှူကိန်းဝပ် ပူဇော်ခံနေစဉ် ထည့်သွင်းပူဇော်လိုသော ရတနာပစ္စည်းများကို အဆိုပါနေရာဌာနရှိ ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီအဖွဲ့ဝင်များထံ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံထားရှိသည့်အချိန်တွင် ပန်းထိမ်အဖွဲ့များပါ တစ်ပါတည်းထားရှိပေးမည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်လိုသည့် ပစ္စည်းများအား လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဆုချီးမြှင့်

ဇန်နဝါရီ ၃၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် စာပေနှင့် ဘက်စုံ ထူးချွန်ဆုပေးပွဲတွင် Grade(5) မှ မြို့နယ်ဘက်စုံ ပထမဆုရရှိသူ မောင်သန့်ဇင်အောင်အား မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွှန့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

စီးပွားရေးလုပ်ငန်းများ တိုးတက်ကြီးပွားရန် နည်းပညာအသုံးချပုံ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များ အသင်းက ကြီးမှူးကျင်းပမည့် စီးပွားရေးလုပ်ငန်းများတိုးတက်ကြီးပွားရန် နည်းပညာအသုံးချပုံ (How adoption of technology can boost business performance) ဟောပြောပွဲကို Mr.Colin Glass (Chief Executive Officer, Spring Board 4 Asia) က ဖေဖော်ဝါရီ ၈ရက်(တနင်္ဂနွေနေ့)နံနက်၁၀နာရီတွင် မြန်မာအင်ဖိုတက်ခ်ရှိ အခန်းအမှတ် ၂၀၅၌ ကျင်းပမည်ဖြစ်သည်။ နိုင်ငံတကာမှ စီးပွားရေးအတွေ့အကြုံများ ဟောပြော ဆွေးနွေးမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များ အသင်းရုံးခန်း ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၃သို့ ဖေဖော်ဝါရီ ၅ရက် နောက်ဆုံးထား ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၁၀ပြည့်နှစ် ရိုက်ဒါဖလားတွင် ပါဝင်ဆင်နွှဲရေး ဖာဂူဆန်ထံမှ မောင့်ဂိုမာရီ အကြံဉာဏ်ရယူလို

လန်ဒန် ဖေဖော်ဝါရီ ၄

ဂေါက်သီး အကျော်အမော် ကောလင်းမောင့်ဂိုမာရီသည် ၂၀၁၀ ပြည့်နှစ် ရိုက်ဒါဖလား ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ဥရောပအသင်းအား အသင်းခေါင်းဆောင် အဖြစ် ဦးဆောင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲ၌ အောင်မြင်မှုရရေးအတွက် မန်ယူနည်းပြ ဆာအလက်စ်ဖာဂူဆန်၏ နည်းပြအတွေ့အကြုံ ဗဟုသုတများကို အကူအညီအဖြစ် အကြံဉာဏ်ရယူလိုသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

မျှော်လင့်ထား

ဥရောပ ဂေါက်သီး အသင်းခေါင်းဆောင်ဟောင်း ဆမ်တိုရန့်စ်သည် ၂၀၀၂ ခုနှစ်က မန်ယူနည်းပြ ဖာဂူဆန်ထံမှ အကြံဉာဏ်ရယူခဲ့သည်။ ထို့အတူ ဖာဂူဆန်၏ ထိုးထွင်းသိမြင်မှုသည် လာမည့် ၂၀၁၀ပြည့်နှစ် ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရသည်အထိ အကျိုးသက်ရောက်စေလိမ့်မည်ဟု မောင့်ဂိုမာရီက မျှော်လင့်ထားသည်။

ပြောကြား

မိမိသည် ၂၀၀၂ခုနှစ်က ရိုက်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပဂေါက်သီးအသင်းအား ခေါင်းဆောင်ခဲ့သည့် အသင်းခေါင်းဆောင် ဆမ်တိုရန့်စ်၏ ဦးဆောင်နိုင်မှုစွမ်းရည်ကို လေးစားမိကြောင်း၊ သူသည် ဖာဂူဆန်ထံမှ မှန်ကန်တိကျစွာ နည်းနာခံယူပြီး ဖာဂူဆန်ကဲ့သို့ ထူးချွန်ထက်မြက်သည့် စကော့လူမျိုးတစ်ဦးအဖြစ်သို့ ထပ်မံရောက်ရှိခဲ့ကြောင်း၊ မိမိသည်လည်း ၎င်း၏ခြေရာကို ကောင်းစွာ နင်းနိုင်မည်ဟု ယုံကြည်ကြောင်း အသက် ၄၂ နှစ်ရှိ ကောလင်းမောင့်ဂိုမာရီက ပြောကြားခဲ့သည်။

ရပ်တည်နိုင်

ဖာဂူဆန်သည် ပရီမီယာလိဂ်ဖလား ၁၀ကြိမ်၊ ချန်ပီယံလိဂ် သရဖူ နှစ်ကြိမ်၊ အက်ဖ်အေဖလားငါးကြိမ် ဆွတ်ခူးနိုင်ခဲ့သည့်အပြင် မန်ယူနှင့်ပင် လိဂ်ဖလားနှစ်ကြိမ်၊ အဘာဒီးအသင်းနှင့်အတူ ငွေတံဆိပ်ဆုတို့ကို ဆွတ်ခူးထားပြီး အင်္ဂလန်ဘောလုံးသမိုင်းတွင် အအောင်မြင်ဆုံးသော နည်းပြတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။

(အင်တာနက်)

အေစီမီလန်၌ ဘက်ခမ်းအား အငှားစာချုပ် သက်တမ်းတိုးရေး ဂလက်ဆီအသင်းနှင့် အေးဂျင့်များ ဆွေးနွေး

လန်ဒန် ဖေဖော်ဝါရီ ၄

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်း၏ အေးဂျင့်များသည် အေစီမီလန်အသင်းတွင် ဘက်ခမ်းဆက်ကစားနိုင်ရေးအတွက် စာချုပ်သက်တမ်းတိုးရန်အတွက် လော့စ်အိန်ဂျလိစ်ဂလက်ဆီ အသင်းနှင့် ပြောဆိုဆွေးနွေးမှုများ ပြုလုပ်နေပြီဟု သတင်း၌ ဖော်ပြသည်။

ဆန်စီရိုတွင် မတ် ၉ ရက်တိုင်အောင် အငှားစာချုပ်ဖြင့် ရှိနေမည့် အသက် ၃၃ နှစ်ရှိ ဘက်ခမ်းသည် ယင်းအသင်းအတွက် နှစ်ဂိုးသွင်းယူပေးကာ ခြေစွမ်းပြလျက် စီးရီးအေတွင် အေစီမီလန်အသင်း ဒုတိယနေရာတွင် ရပ်တည်နိုင်ရန် ကူညီပေးခဲ့သည်။

သက်တမ်းတိုး

ဘက်ခမ်းသည် စီးရီးအေ အင်အားကြီးအသင်း အေစီမီလန်နှင့် ဇွန် ၃၀ ရက်တိုင်အောင် မှတ်ပုံတင်ထားပြီး နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ရန် သဘောတူညီမှုရပါက ဖေဖော်ဝါရီ၂ရက်က ပိတ်ခဲ့သော အပြောင်းအရွှေ့ ဈေးကွက်ပြင်ပတွင် သက်တမ်းတိုး စာချုပ်ချုပ်ဆိုနိုင်ခွင့်ရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

ဇင်းနစ်ကွင်းလယ်ကစားသမား အာရှာဗင် အာဆင်နယ်နှင့် အပြီးသတ် စာချုပ်ချုပ်ဆို

လန်ဒန် ဖေဖော်ဝါရီ ၄

အာဆင်နယ်အသင်းသည် ဇင်းနစ်စိန့်ပီတာစဘတ်မှ အင်ဒရီအာရှာဗင်အား ထုတ်ဖော်မကြေညာသောပြောင်းရွှေ့ကြေးဖြင့် အပြီးသတ်စာချုပ်ခေါ်ယူလိုက်ပြီဟု ဆိုသည်။

အသက် ၂၇နှစ်ရှိ ရုရှားလက်ရွေးစင် ကွင်းလယ်ကစားသမား အာရှာဗင်သည် ဖေဖော်ဝါရီ ၂ ရက်က အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရေရှည်စာချုပ်ချုပ်ဆိုသည်ဟု သတင်း၌ ဖော်ပြသည်။

အပြီးသတ်

ပရီမီယာလိဂ် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ အချိန်ပိုင်းအလိုတွင် နောက်ဆုံးအတည်ပြုချက်ရယူခဲ့ကြကာ အပြောင်းအရွှေ့စာချုပ်ကို အပြီးသတ်ချုပ်ဆိုခဲ့ကြသည်ဟုဆိုသည်။ အာရှာဗင်၏ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေးမှာ ပေါင် ၁၅သန်းဖြစ်ပြီး သုံးနှစ်ခွဲ စာချုပ်ချုပ်ဆိုခဲ့သည်ဟု ဇင်းနစ်အသင်းက အခိုင်အမာပြောကြားခဲ့သော်လည်း အာဆင်နယ် အသင်းကမူ ယင်းသတင်းကို အတည်ပြုခဲ့ခြင်းမရှိပေ။

ပျော်ရွှင်မိ

မိမိသည် အာဆင်နယ်အသင်းသား တစ်ဦးဖြစ်သွားပြီဖြစ်ကြောင်း၊ အာဆင်နယ်သို့ ရောက်လာရသည်ကိုပျော်ရွှင်မိကြောင်း၊ အာဆင်နယ်အသင်း၏ကစားဟန်ကို မိမိနှစ်သက်ကြောင်း၊ အာစင်ဝင်းဂါးကဲ့သို့နည်းပြကို သဘောကျကြောင်း၊ ထို့အပြင်အာဆင်နယ်အသင်းမှ ကစားသမားအချို့ကိုလည်း အားကျမိကြောင်း အာရှာဗင်က ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)

စပါးသို့ ပြန်လည်ပြောင်းရွှေ့လာသူ ကိန်းအား နည်းပြ ဟာရီရက်နက်က အသင်းခေါင်းဆောင်တာဝန်ပေး

လန်ဒန် ဖေဖော်ဝါရီ ၄

စပါးနည်းပြ ဟာရီရက်နက်သည် တိုက်စစ်မှူး ရော်ဘီကိန်း လီဗာပူးမှ စပါးသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ၎င်းအား စပါးအသင်း၏ အသင်းခေါင်းဆောင်သစ်အဖြစ် တာဝန်ပေးခဲ့သည်။

လက်ခံယူ

အသက် ၂၈နှစ်ရှိ အိုင်ယာလန် လက်ရွေးစင်အသင်း ဘောလုံးကြယ်ပွင့် ရော်ဘီကိန်းသည် စပါးမှခြောက်လကြာမျှ ထွက်ခွာသွားခဲ့သည်။ ၎င်းသည် အန်ဖီးလ်မှ စပါးအသင်းသို့ ပြန်လည်ပြောင်းရွှေ့လာပြီးနောက် လက်ဒလေကင်းထံမှ အသင်းခေါင်းဆောင် တာဝန်ကို လက်ခံယူခဲ့ရခြင်းဖြစ်သည်။

ပြန်လည်ပြောင်းရွှေ့

ကိန်းသည် ပြောင်းရွှေ့ကြေးပေါင် ၁၂သန်း အပြင် ထပ်ဆောင်းပေးမည့်ငွေပမာဏနှင့်အတူ စပါးအသင်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။ ကိန်းသည် ၂၀၀၂ ခုနှစ် ဩဂုတ်မှ ၂၀၀၈ခုနှစ် ဇူလိုင်အထိ ကာလအတွင်း စပါး၌၂၅၄ပွဲ ပါဝင်ကစားပြီး ၁၀၇ဂိုး သွင်းယူပေးထားခဲ့သည့် ၎င်း၏အသင်းဟောင်း စပါးသို့ လီဗာပူးအသင်းမှ ပြန်လည်ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

လက်ဝှေ့ကြယ်ပွင့်ဖရေ့ဇ်ျ ဒဗလျူဘီစီသရဖူကာကွယ်ရေး ဂျာမိန်းတေလာအား နောက်ဆုံးကမ်းလှမ်းမည်

လန်ဒန် ဖေဖော်ဝါရီ ၄

အမေရိကန်လက်ဝှေ့ကျော် ဂျာမိန်းတေလာနှင့် ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် နောက်ဆုံးအနေဖြင့် ကြိုးပမ်းမှုတစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်း လက်ဝှေ့ကြယ်ပွင့်ကားလ်ဖရော့ချ်၏ ပွဲစီစဉ်ကြီးကြပ်သူ မစ်ခ်ဟင်နက်ဆီက ပြောကြားခဲ့သည်။

နော့တင်ဟမ် စူပါမစ်ဒယ်ဝိတ် လက်ဝှေ့သမား ဖရော့ချ်သည် ၎င်း၏ ပထမဦးဆုံး ဒဗလျူဘီစီ လက်ဝှေ့သရဖူ ကာကွယ်သည့်အနေဖြင့် စည်းမျဉ်း စည်းကမ်းအရ စိန်ခေါ်ထားသော တေလာနှင့် လာမည့် ဧပြီလတွင် ယှဉ်ပြိုင် ထိုးသတ်ရန် မျှော်လင့်ထားသည်။

ဟမ်နက်ဆီ အားကစားအဖွဲ့က ဖရော့ချ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရန် တေလာအား ပေါင်တစ်သန်းဖြင့် ကမ်းလှမ်းခဲ့မှုကို တေလာက ပယ်ချခဲ့ကြောင်း၊ သို့သော် နောက်ဆုံးအနေဖြင့် ကမ်းလှမ်းဦးမည်ဖြစ်ကြောင်း သိရသည်။ ဖရော့ချ်သည် ၂၄ ပွဲ ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့သည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင် စုစည်းသည်

စစ်ကွင်းအထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပဲခူးတိုင်း(အနောက်ပိုင်း)စစ်ကွင်း အထက၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ၁၅ရက် နံနက် ၈နာရီ အထက ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်၆၀ အထက် အငြိမ်းစားအပူဇော်ခံမည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများသည် နီးစပ်ရာ စစ်ကွင်းအသင်း(ရန်ကုန်) အမှုဆောင် အဖွဲ့ဝင်များထံသို့ ဖြစ်စေ၊ ဦးသောင်းရှိန် ဖုန်း - ၅၈၁၀၄၁၊ ဦးမြင့်သိန်း ဖုန်း - ၅၀၄၆၀၉၊ ဦးခင်ကြွယ် ဖုန်း - ၅၃၄၁၂၈၊ ဦးဝင်းမောင် ဖုန်း - ၅၂၅၀၄၀၊ ဦးသန်းစိန် ဖုန်း - ၅၄၈၇၀၁၊ ဦးတင်ဝင်း ဖုန်း - ၅၂၅၁၈၃၊ ဦးတင်အောင် ဖုန်း - ၇၀၆၈၀၂၊ ဒေါ်ရင်ရင်မြ ဖုန်း - ၃၈၄၄၇၂ နှင့် ဦးကြင်စိန်(စစ်ကွင်း) ဖုန်း-၀၅၃-၃၀၃၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဖေဖော်ဝါရီ၁၄ရက် နံနက်၇နာရီတွင် မြေနီကုန်း ရွှေမန်းရပ်ရှင်ရုံရှေ့နှင့် အင်းစိန်ဘီအိုစီကွေ့၌ မော်တော်ယာဉ် ထွက်ခွာမည်ဖြစ်၍ လိုက်ပါလိုသူများ၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၁၁ရက်နောက်ဆုံးထား၍ အထက်ပါ ပုဂ္ဂိုလ်များထံ အချိန်မီပေးပို့ကြပါရန် နှိုးဆော်ထားသည်။ (မြန်မာ့အလင်း)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ကျွဲဆည်ကန်(၃)လမ်း၊ ဃ/၃၄ နေ
(ဦးသိန်းဆွေ) ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန-ဒေါ်ခင်မူသိန်းတို့၏ သားငယ်

မောင်ထွန်းလင်းအောင်

B.Sc (Hons;), M.Sc(Engg;), Physics (M.U)
Dip; in Technology (Mechanical) M.T.U) [လက်ထောက်ဘူမိဗေဒအရာရှိ]
(မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန)

နှင့်

မန္တလေးမြို့၊ ကျွဲဆည်ကန်(၁)လမ်း၊ ခ/၂၆ နေ
ဗိုလ်မှူးမောင်စိုး (မန်းစည်ပင်၊ မထသကြီးကြပ်ရေး၊ ခယကနှင့်
စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၊ငြိမ်း)-(ဒေါ်ခင်မူ)တို့၏သမီးငယ်

မယဉ်မင်းစိုး

B.Sc (Hons;) Maths
(Dream store- မန္တလေးဈေးချို)

တို့၏ ၃-၂-၂၀၀၉ရက်(အင်္ဂါနေ့)တွင် မန္တလေးမြို့ Oriental House မင်္ဂလာခန်းမ၌ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ လက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ပေးသော ဗိုလ်ချုပ်မြဝင်းနှင့် ဇနီးဒေါ်သန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မထသ(အနီး/အဝေး)၊ ကုန်သည်ကြီးများအသင်းနှင့် စက်မှုဇုန်ကော်မတီတို့မှ မိတ်ဆွေများ၊ ကျောက်ဆည်မြို့မှ မြို့မိမြို့ဖများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်ကြွရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းလင်းအောင်-မယဉ်မင်းစိုး။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဝါဝါဝင်းလမ်းနေ
ဦးကျင်စိုး-ဒေါ်စန်းစန်းမြင့် တို့၏ သားကြီး

မောင်သိန်းထိုက်စိုး

B.Sc (Zoology), Diploma in Electrical Power(YTU) နှင့်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်းသွယ်နေ
ဗိုလ်မှူးချုပ်စံဌေး-ဒေါ်သန်းသန်းအေး တို့၏ သမီးကြီး

မသန္တာဦး **B.Tech(Civil), B.Sc(Physics)**

တို့၏ ၁-၂-၂၀၀၉ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ် ပန်းကုံးချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းဌေးနှင့် ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်မြင့်စိုး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ခင်နှင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း အဝေးမှ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မဝတ်ရည်ခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မအိမွန်အောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မထက်ထက်မောင်၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးသော မောင်စိုးသဲမောင်နှင့် မောင်ဝင်းဆန်းကျော်၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးသော မခင်ငြိမ်းချမ်းနှင့် မနွေးနွေးအောင်တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Akai နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် အလှဖန်တီးရှင် ခင်စန်းဝင်း၊ သတို့သမီးအရံများအတွက် အလှဖန်တီးရှင် အောင်ကျော်ထွန်း၊ Splendour Floral Service မှ ကိုထွန်းထွန်းလင်းနှင့် အဖွဲ့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းထိုက်စိုး-မသန္တာဦး။

မင်္ဂလာဦးဆုမွန်

ချစ်တူမလေး ပုံ့ပုံ့(ခ)သန္တာဦးနှင့် မောင်သိန်းထိုက်စိုးတို့၏ ၁-၂-၂၀၀၉ ရက် မင်္ဂလာဦး ရက်မြတ်မှသည် ကြင်နာမှု၊ သစ္စာရှိမှုတို့နှင့် ပြည့်စုံသော မင်္ဂလာနေ့ရက်များကို ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေ။

ချစ်သောအန်တီ-ဒေါ်တင်ရီမောင်၊ မမ-တင်မိုးလွင်။

သူငယ်ချင်းတို့ရေ !

ဆီဒိုးနားဟိုတယ်ရှေ့က
အဆိုတော် ဖိုးသား ရဲ့
ကြော်ငြာ ဒိုင်းက
မိုက်တယ်နော်
အချိန်ရရင် သွားကြည့်လိုက်ပါလား !

(၁၉၆၉-၇၃) ရန်ကုန်တက္ကသိုလ်၊ မြန်မာစာအဓိက ကျောင်းသား ကျောင်းသူများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်- ၁၂-၂-၂၀၀၉ ရက် (ပြည်ထောင်စုနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၁ နာရီ
ကျင်းပမည့်နေရာ - တော်ဝင်နှင်းဆီ၊ အမှတ် ၂၂၃၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊

မှတ်ချက်။ ။ တက္ကသိုလ်များမွှာရုံအစား တော်ဝင်နှင်းဆီသို့ ပြောင်းရွှေ့ ကျင်းပမည်ဖြစ်ပါသည်။

၁၉၆၉-၁၉၇၃ မြန်မာစာအဓိက ကျောင်းသား ကျောင်းသူများ။



လူပျောက်ကြော်ငြာ

မခင်မာထွေး ၁၂/တတန (နိုင်) ၁၉၇၈၀၈၊ အသက် ၂၀၊ တက္ကသိုလ်ဝင်တန်းကျောင်းသူသည် ၁-၂-၂၀၀၉ ရက်တွင် ကမ်းနားဈေးမှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူများအား ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်လွင်-ဒေါ်ကြည်ကြည်မော်
ဖုန်း-၇၁၀၅၅၃၊ ၀၉-၅၀၃၀၂၅၇၊ ၅၁၇၁၁၇။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ စက်မှု(၄)လမ်း၊ အမှတ်(၁၉၂/ခ)နေ ဦးတင်ရွှေ-ဒေါ်ခင်ငွေ တို့၏သားငယ်

မောင်ခိုင်သိန်းစိုး

B.C.Tech, U.C.S.Y
Technical Engineer (Dynasafe Technologies Pte.Ltd,Singapore) နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း(ဝင်ဒါမီယာ)၊ ခြံအမှတ် (၁၂၇/စီ) နေ
ဦးသန်းအောင်-ဒေါ်မြင့်မြင့်ကြည် တို့၏ သမီးဦး

မသင်းသင်းအောင်

B.E (Electronics) Y.T.U, B.C.S,c U.C.S.Y
Graduated Dip.in Communication and Information Technology (NTU, Singapore)
Assistant Engineer (Invento Engineers Pte. Ltd, Singapore)

တို့သည် ၂၉-၁-၂၀၀၉ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ခိုင်သိန်းစိုး-မသင်းသင်းအောင်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ထွန်းထွန်းဝင်းနောက်ကျချေပဂိုးကြောင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် သရေတစ်မှတ်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်း အနိုင်ရသွားပြီး လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နဲ့ ပို့ဆောင်ရေးတို့ သရေကျသွားပါတယ်။

အောင်ဆန်းကွင်း

ပို့ဆောင်ရေးအသင်း - တစ်ဂိုး
ဘဏ္ဍာ/အခွန်အသင်း - တစ်ဂိုး

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းဟာ ပို့ဆောင်ရေးအသင်းကို အနိုင်မရခဲ့တာကြောင့် ချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်ဖို့ ဖိအားတွေဝင်လာရပြီဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ စီးပွား/ကူးသန်းအသင်းထက် တစ်ပွဲပိုကစားပြီး တစ်မှတ်လျော့နေလို့ပဲဖြစ်ပါတယ်။ ဒီနေ့ပွဲမှာ ပို့ဆောင်ရေးအသင်းနောက်တန်းဟာ ဘဏ္ဍာ/အခွန်ရဲ့တိုက်စစ်ကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ပြီး Counter ထိုးဖောက်မှုတွေဟာလည်း ထိရောက်နိုင်ခဲ့တာကြောင့် တစ်ဂိုးအသာနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပါတယ်။ ပို့ဆောင်ရေးအသင်းဟာ ပွဲအစ ၁၀ မိနစ်ကတည်းက ပြည့်ဖြိုးဦးရဲ့ဂိုးနဲ့ ဦးဆောင်ကစားနိုင်ခဲ့ပြီး မိနစ် ၈၀ကျော်မှ ထွန်းထွန်းဝင်းရဲ့ နောက်ကျချေပဂိုးနဲ့ သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

ပထမပိုင်း

ပထမပိုင်းမှာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပေမယ့် တကယ်တမ်းထိရောက်ခဲ့တာကတော့ ပို့ဆောင်ရေးအသင်းရဲ့ Counter တိုက်စစ်ပါ။ ပို့ဆောင်ရေးအသင်းဟာ ဘဏ္ဍာ/အခွန်နဲ့ တိုက်စစ်ချင်းယှဉ်မကစားဘဲ ခံစစ်ကိုလုံအောင်ကစားပြီးမှ Counter နဲ့ ထိုးဖောက်တဲ့ပုံစံမျိုးနဲ့ တိုက်စစ်ဆင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ ၁၀မိနစ်မှာ Counter ကနေ အောင်မြင့်ထွန်းရသွားပြီး ထိုးပေးတာကို ပြည့်ဖြိုးဦးက မနားတမ်းကန်သွင်းယူခဲ့လို့ ပို့ဆောင်ရေးဂိုးစတင်ရရှိသွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဘဏ္ဍာ/အခွန်အသင်း ချေပဂိုးရဖို့တရစပ်ဖိကစားလာခဲ့ပေမယ့် ဂိုးကံခေတာ၊ပို့ဆောင်ရေး ဂိုးသမား ဖြိုးမင်းမောင် လက်စွမ်းပြနိုင်ခဲ့တာ ဘဏ္ဍာ/အခွန်ကံဆိုးသွားပါတယ်။ သူရအောင်ရဲ့ ခေါင်းတိုက်ချက် ဘားတန်းထိထွက်သွားခဲ့ပြီး စိုးမြတ်မင်း၊ အောင်ကျော်မိုးနဲ့ ရန်ပိုင်တို့ရဲ့ ခေါင်းတိုက်ချက်တွေကိုလည်း ဖြိုးမင်းမောင် ကာကွယ်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ ဘဏ္ဍာ/အခွန်အသင်းဟာ အရှုံးဂိုးချေပနိုင်ဖို့ အောင်ကျော်မိုးအစား ထွန်းထွန်းဝင်း၊ ပိုင်စိုးအစား မြင့်နိုင်တို့ကိုထည့်ပြီး တိုက်စစ်အားမြှင့်တင်ခဲ့ပါတယ်။ ဒါပေမယ့် ကျော်ဇေယျာမင်းနဲ့ မျိုးမြင့်အောင်တို့ ဦးဆောင်တဲ့ပို့ဆောင်ရေးနောက်တန်းဟာ ဘဏ္ဍာ/အခွန်တိုက်စစ်ကို အခွင့်မသာအောင်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ၆၉ မိနစ်မှာ ဘီးကုပ်ထိပ်နားမှာရရှိတဲ့ ပြစ်ဒဏ်ဘောကို ထွန်းထွန်းဝင်း တိုက်ရိုက်ကန်သွင်းပေမယ့် တိုင်ထိထွက်ပြီးသွားခဲ့ပါတယ်။ အနိုင်ရမှတ်ကို ထိန်းနိုင်ဖို့အတွက် ပို့ဆောင်ရေးအသင်းဟာ ခံစစ်မှာ စုပြုံပိတ်ဆို့နေပေမယ့် ၈၁မိနစ်မှာတော့ ချေပဂိုး ပြန်ပေးလိုက်ရပါတယ်။ ခင်မောင်ထွန်း ကန်တင်ပေးတဲ့ပြစ်ဒဏ်ဘောကို စိုးမြတ်မင်း ရင်ဘတ်နဲ့ထိန်းပြီး ချပေးတာက တစ်ဆင့် ထွန်းထွန်းဝင်း ကန်သွင်းယူခဲ့တာပဲဖြစ်ပါတယ်။

သုဝဏ္ဏကွင်း

မြို့တော်စည်ပင် - တစ်ဂိုး
မြန်မာ့မီးရထား - ဂိုးမရှိ

အမှတ်ပေးဇယားအဆင့် (၁၂)မှာ ရှိနေတဲ့ မြို့တော်စည်ပင်နဲ့အဆင့်(၁၃)မှာ ရောက်နေတဲ့ မြန်မာ့မီးရထားတို့ တွေ့ဆုံကြတာဖြစ်ပါတယ်။ မြို့တော်စည်ပင်က တစ်လုံးတည်းသော ဂိုးနဲ့အနိုင်ရခဲ့တာကြောင့် တန်းဆင်းဇုန်ထဲက ရုန်းထွက်နိုင်ခဲ့ပြီး အဆင့်(၁၁)နေရာအထိ ရောက်လာခဲ့ပါတယ်။

၆-၂-၂၀၀၉

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်းနှင့်
စီးပွား/ကူးသန်း

သုဝဏ္ဏကွင်း

သစ်တောရေးရာနှင့်
ကာကွယ်ရေးဝန်ကြီးဌာန။

(မြန်မာ့အလင်း)

ဘဏ္ဍာ/အခွန် တိုက်စစ်မှူး ရန်ပိုင်၏ ထိုးဖောက်မှုကို ပို့ဆောင်ရေးမှ ဇော်ရဲမောင်နှင့် ထက်အောင်တို့ ဖျက်ထုတ်ရန် ကြိုးစားခဲ့စဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန

ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ

ဒီကနေ့ပို့ချမှာကတော့ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်တယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး ငါးပိုင်းပါဝင်တယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့လျားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

သတ္တုတွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးတို့ ပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ ကွန်တိုနဲ့ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများလေ့လာခြင်း၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က) ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင် မေးခွန်းများဖြစ်တယ်။ အဲဒီအထဲမှာအပိုင်း(က)နှင့်(စ)မှမေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း ခြောက်ပုဒ် ဖြေဆိုရမှာဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများ ရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ **ဖြေဆိုချိန် သုံးနာရီ**ဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀) ဖြစ်တယ်။

အပိုင်း(က) ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ) အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်းများဆိုပြီး စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ရွေးပြီး (၁၅)မှတ်ဖိုးဖြေရမှာဖြစ်တယ်။ အကယ်၍ မှတ်စုတိုမေးခွန်းကိုဖြေဆိုလျှင် နှစ်သက်ရာ မှတ်စုတို (၂)ပုဒ်ကိုဖြေဆိုနိုင်တယ်။ ဒီလိုပဲ အပိုင်း(ဂ)၊ (ဃ)၊ (င) တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်းအမှတ် (၆၀) ပေးထားတယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ) မေးခွန်း ၁၄(က)မှာ ၁၀မှတ်နှင့်၁၄(ခ)အတွက် (၁၅)မှတ်ဆိုတော့ စုစုပေါင်းပေးမှတ် (၂၅) မှတ်ဖြစ်ပြီး ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။

မေးခွန်းမှာ သင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါသင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာ အားလုံးကို မြေပုံနှင့်တကွ မှန်မှန်လေ့ကျင့်ထားရပါမယ်။ သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာ ဖြေရမှာဖြစ်ပြီး သိတာတွေအားလုံးဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။

ဒါ့အပြင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာ မှတ်သားသင့်တယ်။

ရူပပထဝီဝင်အပိုင်းမှာ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ **သဘာဝပထဝီဝင်**မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာပါဝင်တယ်။ **လူမှုရေးပထဝီဝင်**မှာ လူဦးရေ၊ လူမျိုးနှင့် **မြို့ကြီးများ** ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးများ ပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကိုသိရမယ်။ ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှသိသင့်တဲ့ အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေးစသည်ဖြင့် မေးနိုင်တာကို သတိပြုပါ။

ဆက်လက်ပြီးပို့ချမှာကတော့လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာစကေးနဲ့ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့အများကြီးလိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ-ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူ ဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကိုအလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင် မှတ်ဖို့လိုတယ်။ လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကို ဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက်ဖြစ်တယ်။ စကေးအမျိုးအစား သုံးမျိုးရှိတယ်။ ယင်းတို့မှာ-

(၁) **စာစကေး** (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) **အချိုးစကေး** (ဝါ) အပိုင်းစကေး [ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း] နှင့်

(၃) **ပုံပြစကေး** (ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျမြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကိုအဓိကအားဖြင့်နှစ်မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ**စကေးစိပ်/အပြည့်စကေး**နှင့် **စကေးကျဲ/အဖွင့်စကေး**တို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ **တွက်ချက်ရန်နဲ့ ဆွဲသားရန်ဆိုပြီး** နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့်ကိန်း၏ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။ ပေ၊ ကိုက်၊ ဖာလုံ စသည်ဖြင့် မေးနိုင်တဲ့အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေးတို့ကို အရင်ဆုံး ယူနစ် ပြောင်းလဲပေးရမယ်။ ဒါကြောင့် တစ်မိုင်မှာ ၆၃၃၆၀ လက်မ (သို့မဟုတ်) ၅၂၈၀ ပေ (သို့မဟုတ်) ၁၇၆၀ ကိုက် (သို့မဟုတ်) ၈ ဖာလုံနှင့်ညီမျှပြီး ပြောင်းလဲပေးရမှာဖြစ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြား ရှိရင်အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့် မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင် ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ဥပမာ-**၂ လက်မလျှင် ၁ မိုင်စကေးကို ကိုက် ၁၀၀ အထိ** ပြသနိုင်သော စကေးကျဲပုံတစ်ပုံ တွက်ချက်ရေးဆွဲရာတွင် တွက်နည်းတွင်ပေးထားသော **၂လက်မလျှင် ၁မိုင်စကေးကိုကိုက်၁၀၀အထိ** ပြသနိုင်သော စကေးကျဲပုံဆွဲရမှာ ဖြစ်တဲ့အတွက် ကိုက်အဖြစ်ယူနစ်တူအောင်ပြောင်းရမယ်။ အခြေခံ မျဉ်းအလျား **၆ လက်မ** လိုအပ်၍ **၆ လက်မ** ပေါ်ရှာပါက **၅၂၈၀ ကိုက်** ရမည်။ အနီးဆုံးကိန်းပြည့်ဂဏန်းဖြစ်တဲ့ **၅၀၀၀ကိုက်**ဟုယူသင့်တယ်။ ထို့နောက်အခြေခံမျဉ်းအလျားကို **၅၀၀၀ ကိုက်**ပေါ်တွင် ပြန်ရှာပါက ဆွဲရမည့် **၅ ဒသမ ၆၈ လက်မ** အလျားကိုရမယ်။ အခြေခံမျဉ်းပေါ်တွင် စိတ်ပိုင်းရန် အနီးဆုံးယူသည့် ကိန်းဂဏန်းဖြစ်သော ၅၀၀၀ ကိုက်ကို ပြသလိုသော ကိုက် **၁၀၀** နှင့် စားပါက အပိုင်း **၅၀** ရမယ်။ အပိုင်း **၅၀** ကို ဆခွဲကိန်းခွဲပေးပါက မူလပိုင်း ငါးပိုင်းနှင့် ထပ်ဆင့်ပိုင်း (၁၀)ပိုင်းရမယ်။ မူလပိုင်းတစ်ပိုင်း၏ တန်ဖိုး **၁၀၀၀**ကိုက်နှင့် ထပ်ဆင့်ပိုင်းတစ်ပိုင်း၏ တန်ဖိုး **၁၀၀** ကိုက်ကို ရရှိမယ်။ ထပ်ဆင့်ပိုင်းတစ်ပိုင်း၏တန်ဖိုးသည် ပြသရန် လိုအပ်သော ကိုက် ၁၀၀ နှင့်ညီတယ်။

တွက်နည်း

၂ လက်မလျှင် ၁ မိုင်စကေး

၂ လက်မလျှင် ၁ မိုင် × ၁၇၆၀ ကိုက်

၆ လက်မလျှင် = ? = $\frac{\text{၆ X ၁၇၆၀}}{\text{၂}}$ = ၅၂၈၀ ကိုက် (အနီးဆုံး ၅၀၀၀ ကိုက်ယူမည်)

၅၂၈၀ ကိုက်လျှင် ၆ လက်မ

၅၀၀၀ ကိုက်လျှင် = ? = $\frac{\text{၅၀၀၀ X ၆}}{\text{၅၂၈၀}}$ = $\frac{\text{၁၂၅}}{\text{၂၂}}$ = ၅. ၆၈ လက်မ

အပိုင်းပေါင်း = $\frac{\text{၅၀၀၀}}{\text{၁၀၀}}$ = ၅၀ ပိုင်း (၅ × ၁၀) မူလပိုင်း ၅ ပိုင်း ၊ ထပ်ဆင့်ပိုင်း ၁၀ ပိုင်း

မူလပိုင်းတစ်ပိုင်း တန်ဖိုး = $\frac{\text{၅၀၀၀}}{\text{၅}}$ = ၁၀၀၀ ကိုက်

ထပ်ဆင့်ပိုင်းတစ်ပိုင်း တန်ဖိုး = $\frac{\text{၁၀၀၀}}{\text{၁၀}}$ = ၁၀၀ ကိုက်

ပုံဆွဲနည်းအဆင့်ဆင့်ကတော့

၁။ တွက်ချက်၍ရသော အလျား ၅ ဒသမ ၆၈ လက်မအတိုင်း စကေးမျဉ်းကို တိကျစွာရေးဆွဲပါ။

၂။ စကေးမျဉ်း၏လက်ဝဲဘက်အစွန်းမှ ထောင့်ကျဉ်းမျဉ်းဖြောင့်ဆွဲပါ။

၃။ ထိုထောင့်ကျဉ်းမျဉ်းဖြောင့်ပေါ်တွင် ငါးပိုင်းအညီ ကွန်ပါထောက်ဖြင့်ပိုင်းပါ။

၄။ နောက်ဆုံးပိုင်းမှတ်နှင့် စကေးမျဉ်း၏ လက်ယာအစွန်းတို့ကို မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

၅။ ထိုမျဉ်းနှင့်အပြိုင်ပိုင်းမှတ်များမှ စကေးမျဉ်းပေါ်သို့ မျဉ်းပြိုင်များရေးဆွဲပါ။ ထိုအခါ စကေးမျဉ်းပေါ်တွင် ပိုင်းလိုသည့်အရေအတွက် အပိုင်းကြီး (မူလပိုင်း) ငါးပိုင်းကို အညီအမျှပိုင်းပြီးဖြစ်မည်။

၆။ မူလပိုင်းတစ်ပိုင်းကို ထပ်ဆင့်ပိုင်း (၁၀)ပိုင်း အညီစိတ်ရန် စကေးမျဉ်း၏ လက်ဝဲဘက်အစွန်းမှ အပေါ်ဘက်သို့ မတ်မျဉ်းထောင်ပါ။

၇။ အလားတူ စကေးမျဉ်းပေါ်ရှိ မူလပိုင်းတစ်ပိုင်းပိုင်းမှတ်မှ အောက်သို့မတ်မျဉ်းထောင်ပါ။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

ထိုမတ်မျဉ်းပေါ်တွင် အညီအမျှ (၁၀) ပိုင်းပိုင်းပါ (မတ်မျဉ်းများကို၁လက်မထောင်ပြီး၊ ၁ လက်မရှိ ၁၀ စိတ်ကို အညီအမျှပိုင်းမှတ်နိုင်သည်။)

၈။ ထို ၁၀ ပိုင်း ပိုင်းမှတ်များကို ပုံတွင်ပြထားသည့်အတိုင်း မျဉ်းပြိုင်များဆက်လျှင် မူလပိုင်းကြီး တစ်ပိုင်းကို အညီအမျှ ၁၀ ပိုင်း ပိုင်းပြီးဖြစ်မည်။

၉။ အပိုင်းတန်ဖိုးများ တပ်ပေးရမည်။ '၀' ကို ပထမပိုင်းမှတ်၌ရေးရမည် '၀' မှလက်ယာဘက်သို့ လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း၊ အပိုင်းလိုက် တန်ဖိုးများရေးပြီး ယူနစ်အမျိုးအစား (ကိုက်)ကိုဖော်ပြရမည်။

၁၀။ အနည်းဆုံးတစ်ပိုင်း၏ တန်ဖိုးကို ပုံတွင်ဖော်ပြပေးရမည်။

၁၁။ ခေါင်းစဉ်တပ်ပေးရမည်။

၂ လက်မလျှင် တစ်မိုင်ကို ကိုက် ၁၀၀အထိ ပြသနိုင်သော စကေးကျဲပုံ



ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် **ကောင်းကင်ဓာတ်ပုံ** ဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံ စသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများ ဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို (၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက် ကောင်းကင်ဓာတ်ပုံမှာ မိုးကုတ်စက်ဝိုင်းကိုမြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုတ်စက်ဝိုင်းကိုမမြင်နိုင်တဲ့ တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံဆိုပြီး နှစ်မျိုးထပ်မံခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာပိုင်းမှာ ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ကောင်းကင်ဓာတ်ပုံများနဲ့ စတီရီယိုစကုပ်များကိုသုံးပြီး လက်တွေ့လုပ်နိုင်ခြင်း မရှိတဲ့အတွက် ကောင်းကင်ဓာတ်ပုံ စကေးရှာနည်း၊ စကေးနဲ့ပတ်သက်တဲ့ပုစ္ဆာတွေကိုပဲ တွက်ချက်လေ့ကျင့်ရမှာ ဖြစ်တယ်။

ပုစ္ဆာများတွက်သည့်အခါ ပုံကြမ်းများရေးဆွဲပေးသင့်တယ်။ သတိပြုရမည့်အချက်များမှာ အချိုးစကေးတွင် ပိုင်းဝေသည် အစဉ်အမြဲ "၁" ဖြစ်ရမယ်။ ပိုင်းဝေနှင့်ပိုင်းခြေ ယူနစ်တူအောင်ညှိပေးရမယ်။ ကိုက်ညီမည့် ပုံသေနည်းများကိုသုံးရမယ်။ ပိုင်းဝေမှာ မြေပုံပေါ် (သို့မဟုတ်) ဓာတ်ပုံပေါ် အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေး ဖြစ်တယ်။ ထိုအခါမှာ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင် စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ ယူနစ်ကိုပြောင်းပေးရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဟူ၍ နည်းသုံးနည်းရသည်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသော အမြင့်အချိုးဖြင့် စကေးရှာနည်းမှာ အသုံးပြုရမည့် ပုံသေနည်း(၁)ကတော့

$$\text{Scale or RF} = \frac{f}{H}$$

အသုံးပြုရမည့်ပုံသေနည်း(၂)ကတော့

$$\text{Scale or RF} = \frac{f}{(A\text{-}h)}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

h ဆိုတာကတော့ ကုန်းမြေအမြင့်(Height of the terrain)ဖြစ်တယ်

ပုံသေနည်း(၂)မှာလေယာဉ်ပျံသန်းသောအမြင့် (H)ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းတဲ့ အမြင့်(A)မှ ကုန်းမြေအမြင့် (h)ကို နုတ်ပေးခြင်းအားဖြင့် (H) ကို ရနိုင်ပါသည်။

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{GD}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance) နဲ့

GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်

(၃) စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{MD} \times \text{Map Scale}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)

MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး (Map Distance) နဲ့

Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီး တွက်ရမှာဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့ သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကိုသိထားရမယ်၊ မည်သည့်ပုံသေနည်းကိုမည်သည့် ပုစ္ဆာမှာသုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်း အပိုင်းမှာ (က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဇရိယာနဲ့ လတ္တီကျူ လောင်ဂျီကျူရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့ မည်သည့်ပြည်နယ်၊ တိုင်းအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်နှင့် စီးပွားကုန်ထုတ်လုပ်ငန်းများ စသဖြင့်ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင်အနိမ့်အမြင့် ပေါ်လွင်စေရန် ၅ ဆ မှ ၁၀ ဆ အထိချဲ့သင့်တယ်။ အလျားလိုက် စကေး ၁လက်မ = ၁ မိုင် ပေါ်မူတည်ပြီး ဒေါင်လိုက် စကေး ၅ ဆချဲ့သော်

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် ၅၂၈၀ ပေ

၁ လက်မပေါ်မှာပြန်ရှာရင် $= \frac{၁ \text{ X } ၅၂၈၀}{၅}$ = ၁၀၅၆ ပေ

ရလာသောအဖြေကို ပုံဆွဲရာ၌လွယ်ကူအောင် အနီးဆုံးကိန်းပြည့် ၁၀၀၀ ပေကို ယူရမယ်။ ထို့ကြောင့် **ဒေါင်လိုက်စကေး ၁ လက်မ = ၁၀၀၀ ပေ** ရလာမယ်။ ရရှိလာသောအဖြေကိုအသုံးပြု၍ ပေးထားသောဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကို စကေးကိုက်ရေးဆွဲပေးရမယ်။ ဤနည်းသည် ပုံသေနည်းကဲ့သို့ မည်သည့်စကေးကိုမဆို တွက်နိုင်ရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်မှာ

၁။ ပထမဦးဆုံးပေးထားသော ကွန်တိုမြေပုံပေါ်ရှိ(က)အမှတ်နှင့်(ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့် ဆက်ပါ။

ပုံ(၁) "က" မှ "ခ" သို့ မျဉ်းဖြောင့်ဆက်ပုံ

၂။ 'က'နှင့်'ခ' ဖြတ်သန်းရာမျဉ်းတစ်လျှောက်ရှိကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။

ပုံ (၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများ မှတ်သားပုံ



ဤသို့မှတ်သည့်အခါ ပေးထားသော ကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမည်။

၃။ 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

ပုံ (၃) "က" နှင့် "ခ" ဖြတ်ပိုင်းမျဉ်းအတိုင်း ကွန်တိုမြေပုံခေါက်ထားပုံ

၄။ ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားအလိုက် မျဉ်းကြောင်းကိုတိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနှင့် 'ခ'နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းဆွဲပါ။

၅။ ခေါက်ထားသောကွန်တိုမြေပုံစာရွက်ကို မှတ်သားထားသည့်ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် 'က' 'ခ' အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးလျှင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍ မှတ်ပါ။



၆။ မှတ်ထားသောအစက်များကို ပြေပြစ်သည့်မျဉ်းကြောင်းများဖြင့် ဆက်လိုက်လျှင် လိုအပ်သော ဖြတ်ပိုင်းပုံကို ရလာမယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

စာမျက်နှာ ၁၆ မှ



၇။ ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ ‘က’နှင့် ‘ခ’ ကို ဘောင်၌ရှိသော နေရာအမြင့်များ၌ မှန်အောင်ရေးရန်လိုသည်။ မြစ်ဝှမ်းကျယ်ဖြစ်လျှင် ဇလားပုံ၊ ချောင်းငယ်များ၏ နေရာတွင် V ပုံ သင်္ကေတ အနည်းငယ်ချိုင့်ပေးရမည်။ ပုံတွင်ထင်ရှားသော မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စသည့်နေရာများကိုများများပြပြီး ဖော်ပြရမည်။

၈။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်)အညိုရောင်ခြယ်ပေးသင့်သည်။

၉။ ပုံ၏အပေါ်တွင် ခေါင်းစဉ်တပ်ပြီး ပုံ၏အောက်တွင် အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံး ဖော်ပြရမည်။

မြေပုံပါဒေသ၏ တည်နေရာကို ဖော်ပြတဲ့အခါ နည်းနှစ်နည်းဖြင့် ဖော်ပြနိုင်တယ်။

ပထမနည်းက**သင်္ချာနည်း**ဖြစ်ပြီး မြေပုံ၏ဘောင်တွင် လတ္တီကျူနှင့်လောင်ဂျီကျူများကို မှတ်သား ဖော်ပြထားလေ့ရှိသည်။ မေးခွန်းပါကွန်တိုမြေပုံများဟာ မြန်မာနိုင်ငံအတွင်းရှိ ဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ ကိန်းဂဏန်းများအနက် ၉၀ကျော်သောကိန်းနှစ်ခုသည် အရှေ့လောင်ဂျီကျူဖြစ်ပြီး ကျန်၉၀အောက်နှစ်ခုမှာ မြောက်လတ္တီကျူဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။ ဥပမာ- မြေပုံပါဒေသသည် အရှေ့လောင်ဂျီကျူ ၉၆° ၉' နှင့် ၉၆° ၁၃' အတွင်းနှင့် မြောက်လတ္တီကျူ ၂၁° ၄၅' နှင့် ၂၁° ၄၉' အတွင်းတွင်ရှိတယ်လို့ ရေးရမယ်။

နောက်တစ်နည်းမှာ မြေပုံပေါ်မှာ ပါရှိသည့်ထင်ရှားသော မြစ်ချောင်းစသည့် မြေပြင်လက္ခဏာများနှင့် မြို့ပြကျေးရွာများကိုမှီငြမ်းပြီး ဖော်ပြခြင်းဖြစ်တယ်။ ဥပမာ-ပေးထားတဲ့ မြေပုံမှာထင်ရှားတဲ့ မြို့ပြ ကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှ ဖြတ်စီးနေပါက “ဧရာဝတီမြစ်ဝှမ်း၏ တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသ” ဟုအကြမ်းအားဖြင့်ရေးနိုင်တယ်။ အကယ်၍ ထင်ရှားသောမြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့ပါရှိပါက“မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသ” ဟု ရေးနိုင်တယ်။

မြေပုံပါဒေသ၏ဧရိယာကိုစတုရန်းမိုင်ဖြင့်ဖော်ပြရမယ်။ ဥပမာ-မြေပုံ၏စကေးသည် ၁လက်မလျှင် တစ်မိုင်ဖြစ်ပြီး ယင်း**မြေပုံ၏အလျား ၄ လက်မနှင့် အနံ ၂လက်မ**ရှိပါက **မြေပြင်တွင်အလျား ၄ မိုင်နှင့်အနံ ၂ မိုင်**ဖြစ်တယ်။ ထို့ကြောင့်ပေးထားသော မြေပုံပါဒေသ၏ ဧရိယာသည် **အလျား ၄မိုင် × အနံ ၂မိုင်- ၈ စတုရန်းမိုင်**ရှိသည်။ အကယ်၍ရရှိတဲ့အဖြေသည် ကိန်းပြည့်မဟုတ်ပါက အနီးဆုံးကိန်းပြည့်ဖြင့် ဖော်ပြနိုင်တယ်။

မြေပုံပါဒေသသည် မြန်မာနိုင်ငံ၏ မည်သည့်ပြည်နယ်နှင့်တိုင်းအတွင်းပါဝင်သည်ကိုဖော်ပြရာမှာ မြေပုံ၌ပါဝင်သည့်မြို့ရွာ၊ မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်း ဆက်သွယ်မှု စသည့်အခြေအနေများကို စေ့စပ်သေချာစွာ လေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင် ဂွမြို့နယ်ဟု တွေ့ရသဖြင့် ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်ဟု တွေ့ရသဖြင့် မန္တလေးတိုင်းအတွင်း တည်ရှိသည်ဟုရေးနိုင်တယ်။

မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်စသည့် မေးခွန်းတွေကိုဖြေတဲ့အခါမှာ မြေပုံရှိရည်ညွှန်းချက်များကို သေချာစွာ လေ့လာမှတ်သားရမယ်။ အဲဒီအခါမြေပုံမှာပါတဲ့ ထင်ရှားသောလက္ခဏာများကိုသိမြင်ပြီး ဒေသတစ်ခုလုံးကို ခြုံငုံသဘောပေါက်မှသာ စတင်ရေးသားသင့်တယ်။ ရေးသားရာတွင်အတွေ့အကြုံလည်းများစွာလိုအပ်တဲ့အတွက်ကြောင့် ကွန်တိုမြေပုံများစွာကို ကြည့်ရှုလေ့လာထားရမယ်။ ဒါ့အပြင် ကြောင်းကျိုးဆက်နွှယ်ဖြေဆိုတတ်ရန်လည်း လိုအပ်တယ်၊ မြေပုံပါ အချက်အလက်တွေကို ဖြေရမှာဖြစ်လို့ သေချာစွာလေ့လာဖြေဆိုပါ။

ဆက်လက်ပြီးပေးထားတဲ့ကွန်တိုမြေပုံဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။ ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်တယ်။ ‘က’အမှတ်အသားသည် ဒေသ၏ အနောက်တောင်ဘက်တွင်ရှိပြီး ‘ခ’အမှတ်အသားသည် ဒေသ၏ အရှေ့တောင်ဘက်ခန့်တွင်ရှိသည်။



ဒါကြောင့် ‘က’ မှ‘ခ’ ဖြတ်ပိုင်းပုံကိုဆွဲကြည့်လျှင် ဖော်ပြပါအတိုင်းတွေ့ရမည်။

“က” မှ “ခ” သို့ ဖြတ်ပိုင်းပုံ

အလျားလိုက်စကေး ၁" = ၁မိုင် ဒေါင်လိုက်စကေး ၁" = ၁၀၀၀ပေ

‘က’နေရာသည် အမြင့်ပေ၃၀၀အောက်၌ရှိပြီး အရှေ့ဘက်ရှိ ‘ခ’သို့ ဆက်ရာဆားပွတ်ချောင်းနှင့်ချောင်းငယ်များ၊ ပေ၂၀၀ကွန်တိုမျဉ်း၊ ပေ၃၀၀နှင့် ပေ၄၀၀ကွန်တို မျဉ်းများကိုဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ ‘ခ’ မှတ်နှင့် ဆက်သွယ်ထားသည်။ ‘ ခ’ အမှတ်သည်အမြင့်ပေ ၂၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကိုကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

မြေပုံပါဒေသ၏ ရူပပထဝီဝင် တည်နေရာနှင့်အကျယ်အဝန်း

ပေးထားသောကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းအတွင်း တည်ရှိပြီး မြောက်လတ္တီကျူ ၂၀° ၈' မှ ၂၀° ၁၃' အတွင်းနှင့် အရှေ့လောင်ဂျီကျူ ၉၄° ၄၉' မှ ၉၄° ၅၅' အတွင်းတည်ရှိသည်။ ဧရိယာ(၂၁ ဒသမ ၆၂)စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ နှစ်ပိုင်းတွေ့ရတယ်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင်တွေ့ရပြီး အမြင့်ဆုံးအပိုင်းမှာ ၄၃၈ ပေ မြင့်သော တောင်ကုန်းမြင့်ဖြစ်တယ်။ မြောက်ဘက်သို့တောင်ကုန်းမှာ တဖြည်းဖြည်းနိမ့်ဆင်းသွားရာ **ပေ ၂၀၀** အောက်နိမ့်သော မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရသည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင် ညီညာမှုမရှိပေ။ ဧရာဝတီမြစ်သည်အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏ လေးပုံတစ်ပုံမှာ ဧရာဝတီမြစ်၏ အစိတ်အပိုင်းဖြစ်ပြီး မြစ်အတွင်းသဲသောင်များ၊ ကျွန်းများကိုတွေ့ရှိရသည်။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကိုတွေ့ရသည်။ မြစ်အတွင်းတွင် ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကိုတွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွတ်ချောင်းစီးဆင်းပြီး ချောင်းအတွင်း သဲများကို တွေ့ရှိရတယ်။

အောက်ခံကျောက်

ဒေသတွင်ရေနံတွင်းများတွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များဖြစ်နိုင်တယ်။

ရာသီဥတု

မင်းဘူးမြို့နှင့်ပတ်ဝန်းကျင်ပြမြေပုံသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းအတွင်း တည်ရှိပြီး **ပေ ၃၀၀** အောက်နိမ့်သောအပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများ တွေ့ရခြင်းကြောင့် အပူချိန်များသောဒေသဖြစ်တယ်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်လည်းများသော ဒေသဖြစ်တယ်။ မြေပုံတွင်သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်းတို့ကြောင့် မိုးနည်းတယ်။ အပူချိန်များပြီးမိုးနည်းခြင်းကြောင့် အပူပိုင်း ခြောက်သွေ့ရာသီဥတုကို ရရှိတယ်လို့ရေးလျှင် ပြည့်စုံတယ်။

သဘာဝပေါက်ပင်

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများ ပေါက်ရောက်နိုင်တယ်ဟု ရေးနိုင်သည်။

မြေဆီလွှာ

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင် တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သောဒေသဖြစ်၍ လယ်မြေများဖြစ်သည်ဟု ရေးနိုင်တယ်။

မြေပုံပါဒေသ၏ **လူမှု-စီးပွားရေး** ပထဝီဝင်ကိုလေ့လာကြည့်မယ်ဆိုလျှင်လည်း

လူဦးရေ

မင်းဘူးမြို့နှင့်ကျေးရွာအများအပြားတွေ့ရသဖြင့် ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှုအများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိ ရွာများတွင် လူနေသင့်တင့်၍ ဆားပွတ်ချောင်း အရှေ့ဘက်ရှိ တောင်ကုန်းပိုင်းတွင် လူနေကျဲပါးသည်ဟု ရေးလျှင်လည်း မှန်သည်။

လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

မကွေးတိုင်း မင်းဘူးမြို့ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုး အများဆုံးနေထိုင်မယ်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာအဓိက ကိုးကွယ်ကြတယ်ဟု ဖော်ပြနိုင်တယ်။

မြို့ရွာပျံ့နှံ့တည်ရှိမှု

အဓိကမြို့မှာမင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသည်။ ရေနံတွင်းများရှိခြင်း၊ စစ္စလီရွှံ့မီးတောင်ရှိခြင်းတို့ကြောင့် ထင်ရှားတယ်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်း တစ်လျှောက်တွင်တွေ့ရပြီး ရွာတန်းရှည်များ (ဥပမာ- ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမျှောင်) ဖြစ်ကြတယ်။ အချို့ရွာများကို အနောက်ဘက်ခြမ်းရှိ တောင်ကုန်း၏တောင်ခြေပိုင်းတွင် တွေ့ရပြီး ရွာစုရွာဝိုင်းများ (ဥပမာ- ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ) ဖြစ်ကြတယ်။

စီးပွားရေးပထဝီဝင်

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တွင်းထွက်တူးဖော်ရေးလုပ်ငန်းဖြစ်တယ်။

စိုက်ပျိုးရေးမှာတော့ မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးပြီး ကျွန်းများပေါ်တွင် ကိုင်းကျွန်းသီးနှံများလည်းစိုက်ပျိုးနိုင်သည်ဟု ရေးနိုင်တယ်။

ငါးဖမ်းလုပ်ငန်း ကို ဧရာဝတီမြစ်နှင့် ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်လျက်ရှိသည်ဟု ဖြေဆိုနိုင်သည်။

တွင်းထွက်တူးဖော်ရေး တွင် မင်းဘူးမြို့အနီးရှိ ထောက်ရှာပင်ရေနံမြေ၊ ရေနံတွင်းများနှင့် ရေနံပြွန်လမ်းများ တွေ့ရသဖြင့်ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းရှိတယ်။

စက်မှုလုပ်ငန်းအနေဖြင့် မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံနှင့် ရေနံထွက်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းများရှိမည်ဟု ဖော်ပြနိုင်တယ်။

လမ်းပန်းဆက်သွယ်ရေး ကားလမ်းနှင့် ရေကြောင်းလမ်းတို့ဖြင့် အဓိကအသုံးပြု ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက်စကုသို့ လည်းကောင်း၊ တောင်ဘက် ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့်ဆက်သွယ်နိုင်သည်။ ထို့အပြင်ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့်ဆက်သွယ်နိုင်သည်။ တစ်ရွာမှတစ်ရွာသို့လှည်းလမ်းဖြင့်လည်း ဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် ရေနံချောင်းသို့၊ တောင်ဘက် မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့်သွားလာနိုင်တယ်။ ထို့ကြောင့် ဒေသအတွင်း

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

5-2 (17).pmd 1 2/5/2009, 2:28 AM

၂၀၀၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် ညနေ ၆နာရီတွင် နေပြည်တော် မြို့တော်ခန်းမ ကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ယင်းနေ့ ညနေ ၅ နာရီခွဲမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အိပ်မပျော်သူများ ကိုယ်လက်လေ့ကျင့်မှု ပြုလုပ်သင့်

ညပိုင်းအချိန်တွင် အိပ်မပျော်သည့်လူများအနေဖြင့် နံနက်နှင့် ညနေ အချိန်များတွင် ကိုယ်လက်လေ့ကျင့်ခန်း နေ့စဉ် တစ်နာရီခန့် ပြုလုပ်ပေးပါက ညပိုင်းအိပ်ပျော်စေနိုင်မည်ဖြစ်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

လျင်မြန်သွက်လက်

နံနက်နှင့် ညနေပိုင်းတွင် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် သွေးလည်ပတ်မှုကို လျင်မြန်သွက်လက်စေပြီး ခြေလက်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများရှိ သွေးကြော၊ လေကြောများကို ပွင့်စေကြောင်း သိရသည်။

ထို့အပြင် စိတ်ပိုင်းဆိုင်ရာ တင်းကျပ်မှုနှင့် အာရုံကြောများ လန်းဆန်းမှုတို့ကိုလည်း အထောက်အကူပြုစေကြောင်း၊ အထူးသဖြင့် ခန္ဓာကိုယ်အတွင်း အပူချိန်ကို ညီညွတ်မျှတစေကြောင်း သုတေသနများက ပြောကြားသည်။

ကိုယ်လက်လှုပ်ရှား

ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားမှုဖြစ်စေသည့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းမျိုးကို ရွေးချယ်ပြုလုပ်သင့်ကြောင်း၊ ထိုသို့နေ့စဉ်ပုံမှန်ပြုလုပ်သွားပါက ညပိုင်း အိပ်မပျော်မှုများ ပျောက်ကင်းသွားစေမည်ဖြစ်ကြောင်း တရုတ်ပညာရှင်များက အကြံပြုထားသည်။

တစ်ကျော့ပြန် ဝမ်ချိုင်းက ချန်ပီယံဟောင်းကြီးရွှေဝါထွန်းကို နောက်တစ်ကြိမ် စိန်ခေါ်လိုက်သည့် မျှော်စင်ကျွန်းက လက်သီးပွဲ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
ဇင်လင်းထွန်း(ခနုဖြူ)

စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်း၏အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ ဦးစိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင်ဗီဒီယို)တာဝန်ယူစီစဉ်သော **"မျှော်စင်ကျွန်းက လက်သီးပွဲ"**အမည်ရှိ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဖေဖော်ဝါရီ ၆ ရက် **(သောကြာနေ့)** ညနေ ၆နာရီတွင် ရန်ကုန်ကန်တော်ကြီး ကရဝိက်ဥယျာဉ် မျှော်စင်ကျွန်း၌ ကျင်းပသွားမည်ဖြစ်သည်။ ၄င်းပွဲတွင် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင် စောဂပရေမူး(တွံတေး)က နယ်စပ်လက်ဝှေ့ကျော်ထွန်းထွန်း(မြဝတီ)ကို စိန်ခေါ်ထိုးသတ်မည့်ပွဲ၊ တစ်ခေတ်တစ်ယောက်နာမည်ကျော်ခဲ့သူ ဝမ်ချိုင်း(မြဝတီ)က ဆယ်စုနှစ် ပထမတန်းချန်ပီယံဟောင်းကြီးရွှေဝါထွန်း(သထုံ)ကို စိန်ခေါ်သည့်ပွဲများ အပါအဝင် ပွဲစဉ်ပေါင်း ၁၀ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ဆယ်စုနှစ်

ပထမတန်းချန်ပီယံသရဖူကို ဆယ်စုနှစ်တစ်ခုကျော် ရှုံးပွဲမရှိ ပြိုင်ဘက်ကင်း ထိန်းထားခဲ့ဖူးသူ ရွှေဝါထွန်းနှင့် ပထမတန်းချန်ပီယံဖြစ်ခဲ့

ရွှေဝါထွန်းကို ထင်းခွေမကြဲ ရေခပ်ကြဲ စောင့်နေခဲ့သူ ဝမ်ချိုင်း။

ဝမ်ချိုင်းကို အဆင်သင့်ပဲဟေ့ဆိုတဲ့ ရွှေဝါထွန်း။

သူများထဲတွင် ဖိုက်တာအပီသဆုံးဟုဆိုနိုင်သည့် ချန်ပီယံဟောင်း ဝမ်ချိုင်းတို့သည် ၂၀၀၆ ခုနှစ်ဝန်းကျင်က ကချင်ပြည်နယ် ဖားကန့်ဒေသ၌ ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ကြရာ ရွှေဝါထွန်း၏ ဆွဲချုပ်ခေါင်းတိုက်ချက်ကြောင့် ဝမ်ချိုင်း ဘယ်ဘက်မျက်ခုံးအောက်ကွဲ၍ ဆေးရှုံး ရှုံးခဲ့ရသည်။ ထိုစဉ်က ပထမနှင့် ဒုတိယအချီများတွင် ဝမ်ချိုင်း၏ Over Right လက်သီးကြောင့် ရွှေဝါထွန်း ကြမ်းပြင်ပေါ်သို့ နှစ်ကြိမ် ထိုင်ကျသွားခဲ့ပြီး ဘယ်ထောက်လက်သီးကြောင့် တစ်ကြိမ်ပက်လက်ကျသွားခဲ့သေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆၊ ၁၇ နှင့် ၁၈ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

ကဝမြို့နယ်မှ နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းမှုမြင်ကွင်း



ပဲခူးတိုင်း ကဝမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းနေသော ပဲစိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်
သတင်းထောက်စဥ်ကူစိုးဝင်း

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပဲခူးတိုင်း ကဝမြို့နယ် ဆောင်းသီးနှံဖြစ်ထွန်းအောင်မြင်မှုများနှင့် ဒေသထွက်ကုန်အချို့ လေ့လာရေးသားရန် ရန်ကုန်မြို့မှ လိုင်းကားဖြင့် ထွက်ခဲ့သည်။ အင်းတကော်မှ ကဝမြို့သို့သွား ကားလမ်းဆုံမှ ၉ မိုင်ခန့်ကွာဝေးသည့် ကဝမြို့သို့ ကတ္တရာလမ်းအတိုင်း ခရီးဆက်ခဲ့သည်။

ပဲခူးမြစ်ကူးတံတား(ကဝ)

ပဲခူးမြို့နယ်နှင့် ကဝမြို့နယ်ဆက်သွယ်သည့် ပဲခူးမြစ်ပေါ်တွင်ဆောက်လုပ်ထားသည့် သစ်လွင်လှပသည့် ပဲခူးမြစ်ကူးတံတား(ကဝ)ကို ရောက်သည့်အခါ တံတားမှာ အလျားပေ ၅၆၀ × အကျယ် ၁၂ပေ × ကင်းလွတ်အမြင့် ၁၄ပေဖြစ်ကြောင်း သိရသည်။ ယခင်က ထုံးကြီးနှင့် ကဝသို့သွားလာရာတွင် ကူးတို့လက်ခတ်သမ္ဗန်များ၊ စက်လှေများဖြင့် သွားလာရကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်မှ ငွေကျပ်သိန်း ၃၉၂၀အကုန်အကျခံကာ တည်ဆောက်ပေးခဲ့သဖြင့် ယခုအခါ ကဝမြို့နယ်မှ

စာမျက်နှာ ၈ ကော်လံ ၁ ✻